# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၃၉)

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ အင်္ဂါနေ့။


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံရှိ ရေထိန်းတံခါးတည်ဆောက်ထားမှု ကြည့်ရှုလေ့လာ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Maeslandtkering ရေထိန်းတံခါးအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**သည်ဟေ့ဂ်  စက်တင်ဘာ ၈**

နယ်သာလန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့သည် စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြပြီး Maeslandtkering ရေထိန်းတံခါးသို့ ရောက်ရှိကြရာ နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Ms.Schultz Van Haegen နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ရှင်းလင်းခန်းမတွင် ရေထိန်းတံခါးတည်ဆောက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရေထိန်းတံခါး တည်ဆောက်ထားရှိမှုအခြေအနေအား လိုက်လံကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐

# ‘မြန်မာနိုင်ငံပြီ’ သီချင်းလွှင့်ပျံ့၊ ပရိသတ်တို့ဝမ်းသာပီတိနှင့် ချန်ပီယံမြန်မာအသင်း၏ ပြည်တော်ပြန်အောင်ပွဲခံခရီး

သတင်း ညီမြတ် သော်တာ ဓာတ်ပုံ စိုးညွန့်



‘မြန်မာနိုင်ငံပြီ ဒို့မြန်မာနိုင်ငံပြီ’ဆိုသည့် သီချင်းသည် မြန်မာ့ဘောလုံး၏ အောင်မြင်မှုသင်္ကေတဟု ဆိုရလောက်အောင် မြန်မာအသင်းအောင်မြင်မှုများနှင့် ဒွန်တွဲကာ ကြားခဲ့ရသည်။ မြန်မာအသင်း ချန်ပီယံဆုရရှိပြီဆိုလျှင် ‘မြန်မာနိုင်ငံပြီ’ သီချင်းနှင့်အတူ ဘောလုံးချစ်ပရိသတ်တို့အောင်ပွဲခံခဲ့ကြသည်။ မြန်မာဘောလုံးရွှေခေတ်ကတည်းက ကြားခဲ့ရသည့်သီချင်း ယနေ့ထက်တိုင် မြန်မာ့ဘောလုံးအောင်ပွဲနှင့် ပနံရလှသည်။

ကာလအတန်ကြာ ကွယ်ပျောက်နေသည့် ‘မြန်မာနိုင်ငံပြီ’သီချင်းသည် ယခုရက်ပိုင်းအတွင်း ဆက်တိုက်ကြားနေရသည်။ မြန်မာယူ-၁၉ အသင်း ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိပြီး မရှေးမနှောင်းမှာပင် မြန်မာ့လက်ရွေးစင်အသင်းက အောင်ပွဲထပ်ယူလာသည်။ ဖိလစ်ပိုင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် တတိယအကြိမ် ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင်

*စာမျက်နှာ ၇ ကော်လံ ၁* ❍

ချန်ပီယံမြန်မာအသင်းအား မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက်ကြိုဆိုနေစဉ်။


## ယနေ့ မာတိကာ

ဂျပန်စီးပွားရေး မူလခန့်မှန်းသည်ထက် ကျဆင်း — စာမျက်နှာ-၄

စာတတ်မြောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးရေး — ဆောင်းပါး — စာမျက်နှာ-၁၀

ကျိုက်ဝိုင်းလူငယ်လေ့ကျင့်ရေးကျောင်းသားများအား စိတ်ဓာတ်မြှင့်တင်ရေးပြုလုပ် — စာမျက်နှာ-၁၈




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စကားအရာ ကျွမ်းကျင်ရာ

လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုရာတွင် စကားအတတ်ပညာ လိမ္မာပါးနပ်မှုသည် အလွန်ပင်အရေးကြီး၏။ အဘယ့်ကြောင့်ဟူမူ စကားအရာကျွမ်းကျင်မှုသည် အောင်မြင်ခြင်းအကြောင်းတရားပေတည်း။ စကားသည် အတတ်ပညာတစ်ရပ်လည်းဖြစ်၏။ ဤအတတ်ပညာကို ကောင်းစွာအသုံးချတတ်ခြင်းပင် လုပ်ကိုင်ဆောင်ရွက်သော အမှုကိစ္စတို့ အောင်မြင်ပြီးမြောက်နိုင်စွမ်းရှိ၏။

သို့သော် စကားအရာကျွမ်းကျင်သူကား ရှား၏။ ကာလဒေသကိုမသိခြင်း၊ အမှန်ကိုမဆိုတတ်ခြင်း၊ ခက်ထန်စွာပြောဆိုခြင်း၊ အကျိုးမဲ့ပြောဆိုခြင်း၊ ဒေါသနှင့်ပြောဆိုခြင်းတို့ကြောင့် အကျိုးစီးပွားပျက်စီးတတ်၏။ ကာလဒေသအခြေအနေအချိန်အခါကို သိခြင်း၊ အမှန်တရားကိုသာ ပြောဆိုခြင်း၊ ချိုသာစွာပြောဆိုခြင်း၊ အကျိုးရှိစွာပြောဆိုခြင်း၊ မေတ္တာရှေ့ထားပြောဆိုခြင်းတို့သာလျှင် အကျိုးစီးပွားကို တိုးပွားစေနိုင်သော အကြောင်းပင်ဖြစ်၏။

ထို့ကြောင့် စကားအရာနှင့်စပ်လျဉ်း၍ အင်္ဂါငါးတန်ရှိကြောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယတွဲ-၁၇၂၌ ဤသို့ဆိုထားလေ၏။ ''ကာလ'' ပြောသင့်သောအခါမှ ပြောရာ၏။ အချိန်မတန်လျှင် မပြောဆိုရာ။ ''သစ္စ'' အမှန်ကိုသာ ပြောဆိုရာ၏။ မမှန်မကန်လုပ်ကြံ မပြောဆိုရာ။ ''သဏှ'' နူးညံ့ချိုသာသောစကားကိုသာ ပြောဆိုရာ၏။ ခက်ထန်ရင့်သီးသောစကားကိုမပြောဆိုရာ။ ''အတ္ထသံဟိတ'' အကျိုးစီးပွားဖြစ်မည့်စကားကိုသာ ပြောဆိုရာ၏။ အကျိုးယုတ်စေမည့် စကားကိုမပြောဆိုရာ။ ''မေတ္တာစိတ္တ'' မေတ္တာရှေ့ထားပြောဆိုရာ၏။ ဒေါသမောင်းတင်၍ မပြောဆိုရာ။

ဤသို့စကားအရာ အင်္ဂါငါးတန်နှင့်အညီ ပြောဆိုခြင်းကသည်ပင်လျှင် ပညာရှိတို့ပြောဆိုလေ့ရှိသော စကားပင်ဖြစ်၏။ သို့သော် ဤသို့စကားအရာအင်္ဂါငါးတန်နှင့် ပြည့်စုံသောစကားကို လူတိုင်းပင် ကျင့်ကြံပြောဆိုနိုင်၏။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ရာထူးရှိခြင်း၊ မရှိခြင်း၊ ပညာတတ်ခြင်း၊ မတတ်ခြင်းတို့နှင့် မသက်ဆိုင်ပေ။ ဆင်းရဲသည်ဖြစ်စေ၊ ပညာမတတ်သည်ဖြစ်စေ၊ ဘွဲ့ထူးဂုဏ်ဒြပ်တို့မရှိသည်ဖြစ်စေ ဤအင်္ဂုတ္တိုရ်ပါဠိတော်လာရှိသည့်အတိုင်း စကားအရာ၌ ကျင့်ကြံပြောဆိုတတ်ကြမည်ဆိုလျှင် များစွာအကျိုးစီးပွားတိုးပွားနိုင်ပေ၏။

ဤနေရာတွင် အပြောကောင်းခြင်းသည် စကားအရာကျွမ်းကျင်သည်ဟု မဆိုသာ။ အကြောင်းမူကား အပြောကောင်းသူတို့ ပြောဆိုအပ်သော စကားများတွင် မုသားစကားမပါဟု မဆိုနိုင်။ အမှန်တရားပါဟူ၍လည်း ဘုရားရှင်မှတစ်ပါး မည်သူမျှမသိနိုင်။ ထို့ကြောင့် အပြောအဆိုကောင်းခြင်းသည် စကားအရာအင်္ဂါငါးတန်နှင့် ပြည့်စုံသူဟူ၍ မဆိုအပ်ပေ။

သို့ပါ၍ ကြီးငယ်မဟူ လူတိုင်းလူတိုင်း ပစ္စုပ္ပန်တွင်လည်း အကျိုးရှိ၊ သံသရာလည်းကောင်းနိုင်မည့် စကားအရာ အင်္ဂါငါးတန်နှင့်အညီ ''သတိ''လက်ယာ၊ ''ပညာ'' လက်ဝဲ ယှဉ်အမြဲနှင့် ပြောဆိုခြင်းအလေ့အထကို ကျွမ်းကျင်မှုရှိအောင် ရှင်သန်စွာ မွေးမြူအပ်ပေကြောင်း။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်တွင်းသတင်း

### နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၄ခုနှစ် စက်တင်ဘာ ၉ ရက်နေ့တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားအလုပ်သမားပါတီ ပထမအတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးကော်မရှင်ပထမဥက္ကဋ္ဌနှင့်ကိုရီးယားပြည်သူ့တပ်မတော် သေနာပတိချုပ် မစ္စတာကင်ဂျုံအွန်း၊ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်နှင့်ဝန်ကြီးချုပ် မစ္စတာ ပတ်ပုံဂျူတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့သည်။ **(သတင်းစဉ်)**

# ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းကုန်သွယ်မှုပမာဏတိုးမြှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

ကချင်ပြည်နယ်သို့ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းနှင့် ကချင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းသို့ စက်တင်ဘာ ၆ ရက်က သွားရောက်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏကို လက်ရှိပမာဏထက် ပိုမိုဆောင်ရွက်နိုင်အောင် ကြိုးစားရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုပမာဏ တိုးတက်စေရန်အတွက် နှစ်နိုင်ငံကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများကျင်းပပြီး နှစ်နိုင်ငံကုန်သည်များအချင်းချင်း မပြတ်တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံ ကုန်သည်လုပ်ငန်းရှင်များမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လျှင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့တွင် လိုင်စင်များထုတ်ပေးခြင်းကို မကြာမီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေတိုဆောင်ရွက်ရမည့်ကိစ္စရပ်များ အောင်မြင်စွာ ပြီးမြောက်စေရန် Quick Win ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်သလို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်လည်း နည်းလမ်းများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းရှိ ဌာနအသီးသီးမှ ဝန်ထမ်းများသည် ပေါင်းစပ်ညှိနှိုင်းမှုများကို အချင်းချင်းပွင့်ပွင့်လင်းလင်း ဆွေးနွေးဆောင်ရွက်ကြပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကုမ္ပဏီများ ဖွဲ့စည်းထူထောင်ခြင်း၊ ကုန်သွယ်မှုပြုလုပ်ခြင်းတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများက ဖြေလျှော့မှုများ ဆောင်ရွက်မှု ပေးထားပြီးဖြစ်ကြောင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဖက်ကုန်သည် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုရှိပါက ကုန်သွယ်မှုပမာဏ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏ တိုးတက်လာစေရေးအတွက် ပြည်နယ်အစိုးရမှ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အား ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်း စခန်းတာဝန်ခံ ဦးတင်ထွန်းဦးက ကုန်သွယ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကန်ပိုက်တီမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေရရှိရေး၊ ဆေးရုံနှင့် စာသင်ကျောင်းများအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများအား ဆွေးနွေးပြောကြားရာ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက အခက်အခဲရှိသည်များနှင့် ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းအနီးရှိ ကုန်သွယ်မှုလမ်းကြောင်း အခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းသားများမှ ပူးပေါင်းပါဝင်ပြသသော
YANGON LIFESTYLE FURNITURE FAIR '2014
YANGON LIFESTYLE FURNITURE FAIR
သီတင်းကျွတ်အကြိုပရိဘောဂပြပွဲကြီး
စက်တင်ဘာလ(၁၁)ရက်မှ စက်တင်ဘာလ(၁၅)ရက်နေ့အထိ
တပ်မတော်ခန်းမ
Platinum Sponsored by
Presented By NatRay Co.,Ltd.
Gold Sponsored by
SWEETY HOME
SAKURA
INHOUSE
Organized by Thousand Islands Business Group

## ပြည်တွင်းသတင်း

❊ ကျောဖုံးမှ

ယခင်နှင့် ယခုမြေပြင် မျက်မြင် ကွာခြားနေမှုနှိုင်းယှဉ်ချက် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုဆိုင်ရာများကို ဓာတ်ပုံ မှတ်တမ်းများဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မှာကြားရာတွင် ယခုစီမံကိန်းကို နိုင်ငံတော်အစိုးရသစ်သက်တမ်းတွင် ပြီးဆုံးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် ကောင်းမွန်သည့် ပြယုဂ်ကောင်းများ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာနိုင်စေရန်အတွက် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နိုင်ငံတကာ ဝင်/ထွက်ပေါက် (S-83) သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ စီမံကိန်းဒါရိုက်တာ ဦးငွေစိုးက လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ဒုတိယမြို့တော်ဝန် (စီးပွားရေးတာဝန်ခံ) ကျိုက်ယွိချန်က နှစ်နိုင်ငံအကြား နိုင်ငံတကာ ဝင်/ထွက်ပေါက်ထားရှိခြင်းအားဖြင့် ရရှိလာနိုင်သည့် အကျိုးရလဒ်များနှင့် အခြေအနေများအပေါ် ရှင်းလင်းပြောကြားရာ ဒုတိယသမ္မတက လိုအပ်သည်များကိုမှာကြားပြီး နိုင်ငံတကာ ဝင်/ထွက်ပေါက် တည်ဆောက်မည့်နေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် လွယ်တိန်ခမ်းဘုရား တောင်တော်ပေါ်တွင် တည်ထားကိုးကွယ်မည့် မိဂဒါမဟာစေတီတော်တည်ဆောက်ရေးလုပ်ငန်းမြေနေရာကို သွားရောက်ကြည့်ရှုကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းကျော်ခိုင်က ဘုရားတည်ထားကိုးကွယ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့က ငွေကျပ် သိန်း ၁၀၀၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ငွေကျပ် သိန်း ၅၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ငွေကျပ် သိန်း ၅၀၊ နယူးစတားလိုက်ကုမ္ပဏီမိသားစုမှ ငွေကျပ် သိန်း ၁၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘုရားတည်ဆောက်ရေးဂေါပကအဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဘုရားတည်ထားကိုးကွယ်မည့်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ဒုတိယသမ္မတကလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ရောက်ရှိကြပြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ကုန်သွယ်ရေးဇုန်မြေကွက်များဖော်ထုတ်ပြီးစီးမှု အခြေအနေ၊ ဂိုဒေါင်များ တည်ဆောက်ထားရှိမှုနှင့်ပစ္စည်းများ သိုလှောင်နိုင်မှု အခြေအနေနှင့် နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ကုန်သွယ်ရေးဇုန်အတွင်း ကုန်စည်စီးဆင်းမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကုန်သွယ်ရေးဇုန်အတွင်း ဂိုဒေါင်များတည်ဆောက်ထားရှိမှုအခြေအနေနှင့် ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ တန် ၁၂၀၀ အအေးခန်းစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်း ကုန်စည် စီးဆင်းမှု အခြေအနေများ ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲက မူဆယ်ခရိုင် မူဆယ်မြို့ ရွှေသမင်နန္ဒဝန်ကျောင်းတိုက်၌ကျင်းပသော ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်းဆောင် ဆောက်လုပ်ရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။



**ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီ ကျောင်းဆောင်ဆောက်လုပ်ရေး အလှူငွေ ပေးအပ်စဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က အမှာစကားပြောကြားရာတွင် မူဆယ်မြို့သည် မြန်မာနိုင်ငံ၏အကြီးဆုံး နယ်စပ်စီးပွားရေးမြို့တော်ဖြစ်သည့်အပြင် ဤမြို့၏ ရာခိုင်နှုန်းများစွာသော အမျိုးသမီးများသည် သွက်လက်ထက်မြက်ပြီး ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင်လည်း ကျွမ်းကျွမ်းကျင်ကျင်နှင့် စိတ်ရောကိုယ်ပါ ပါဝင်ပတ်သက်နိုင်သူများဖြစ်ပါကြောင်း၊ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားများစွာနှင့် မြို့နယ်၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရန် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရသည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိတို့၏ မျိုးဆက်သစ်လူငယ်လေးများကို ပြုစုပျိုးထောင်ရာတွင် မျိုးဆက်တစ်ဆက်ထက် တစ်ဆက် ပိုမိုထူးချွန်ထက်မြက်သော၊ မိမိဒေသအကျိုးပြုနိုင်သော သားကောင်းရတနာ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် ဂရုတစိုက် ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း။

ထို့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းပေးထားသော အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်အတူ လက်တွဲပြီး ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဤဒေသရှိ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံ့ခေါင်းဆောင် မျိုးဆက်သစ်လူငယ်များအဖြစ် ပေါ်ထွန်းလာနိုင်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့အတွက် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် စေတနာရှင် အလှူရှင်၊ မြို့မိမြို့ဖများအနေဖြင့်လည်း လူငယ်များ၏အနာဂတ်ကို မျှော်တွေးကာ ဝိုင်းဝန်း စုစည်းပြုစုပျိုးထောင်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်းဆောင် ဆောက်လုပ်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

ယနေ့အခမ်းအနားတွင် ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်းဆောင် ဆောက်လုပ်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်း လှူဒါန်းငွေ ကျပ်သိန်း ၂၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❀ ကျောဖုံးမှ

စက်တင်ဘာ ၇ ရက်က ကျင်းပသည့် ဒုတိယနေ့ပွဲစဉ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို (၂-၁)ဂိုး၊ ဂျပန်အသင်းက ဩစတြေးလျအသင်းကို (၄-၃)ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသဖြင့် စက်တင်ဘာ ၇ ရက် ပွဲအပြီးတွင် အုပ်စု(က)မှ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့က သုံးမှတ်စီရရှိထားပြီး အင်ဒိုနီးရှားက တစ်ပွဲရှုံးကာ အမှတ်ရရှိခြင်းမရှိသေးကြောင်း သိရသည်။

အုပ်စု(ခ)တွင် တစ်ပွဲစီအနိုင်ရထားသည့် ဂျပန်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ဆီမီးဖိုင်နယ်တက်သွားပြီး နှစ်ပွဲစလုံးရှုံးထားသည့် ဩစတြေးလျအသင်းမှာ အုပ်စုမှထွက်ရပြီဖြစ်သည်။ အာဆီယံ ယူ-၁၉ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲ အုပ်စု(က)မှ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းအုပ်စု (ခ)မှ ဆီမီးသို့ တက်ရောက်ခွင့်ရရှိသည့် ဂျပန်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ဒေသစံတော်ချိန် ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့ ညနေ ၃ နာရီ ၄၅မိနစ်မှစတင်ပြီး တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၌ ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ ဘောလုံးပွဲစဉ်များတွင် ဆီမီးဖိုင်နယ်ပွဲစဉ် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းပါဝင်သည့် ပွဲစဉ်များကိုလည်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

အလားတူပင် စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်းတွင် ပဏာမမြန်မာယူ-၂၃ လက်ရွေးစင်အသင်းနှင့် Japan Football League(JFL) ညွှန့်ပေါင်းအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကိုလည်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ထိုနေ့ညနေ ၃ နာရီ၄၅ မိနစ်တွင် တိုက်ရိုက် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အလှူငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၉) အခြေခံပညာ အထက်တန်းကျောင်းသို့ ယင်လုံအိမ်သာ ဆောက်လုပ်ရန်အတွက် လှူဒါန်းငွေကျပ် သိန်း ၂၀ ပေးအပ်ပွဲကို စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီက အသင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုးလင်းက လက်ခံရယူခဲ့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက်နေ့တွင်ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီဆုယုံ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နိုင်ငံတကာသတင်း

# ချီကာဂို၌ သေနတ်ပစ်ခတ်မှုကြောင့် ငါးဦးသေ၊ ၁၇ ဦးဒဏ်ရာရ



**ချီကာဂို စက်တင်ဘာ ၈**

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ အားလပ်ရက်အတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်းသေဆုံးခဲ့ပြီး အခြား၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

South Dame လမ်း အဆောက်အအုံ၌ စနေနေ့ညက သေနတ်ပစ်ခတ်မှုကြောင့် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အခြားသူနှစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ မစိုးရိမ်ရကြောင်း ရဲအရာရှိက ပြောသည်။

တနင်္ဂနွေနေ့ နံနက်အစောပိုင်းကလည်း စားသောက်ဆိုင်တစ်ခု၌ လုံခြုံရေးဝန်ထမ်းက ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦးအား ကန်ထုတ်ခဲ့ရာ ၎င်းကပြန်လည်ထိုးကြိတ်ရန် ကြိုးစားခဲ့သဖြင့် လုံခြုံရေးဝန်ထမ်းက သေနတ်ဖြင့် ပစ်ခဲ့ကြောင်း၊ ၎င်းအမျိုးသားသည် ရရှိသောဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း ချီကာဂိုရဲအရာရှိများက ပြောခဲ့သည်။

Albany ပန်းခြံအနီး North Kedzie လမ်းခွဲတစ်ခု၊ West Town ၌တစ်ခု သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး North Lawndale ရပ်ကွက်အတွင်းရှိ စတိုးဆိုင် တစ်ခု၌ လုယက်ရန်ကြိုးစားသူနှစ်ဦးက ဆိုင်ပိုင်ရှင်ကိုသေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသွားခဲ့သည်ဟု ရဲအရာရှိက ပြောခဲ့သည်။

ချီကာဂိုမြို့သည် အမေရိကန်ပြည်ထောင်စုရှိ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးမှုအများဆုံးမြို့များအနက် တစ်မြို့အပါအဝင်ဖြစ်သည်။ ၂၀၁၃ ခုနှစ် နှောင်းပိုင်း အက်ဖ်ဘီအိုင်ရာဇဝတ်မှုမှတ်တမ်းများအရ နယူးယောက်မြို့၌ ၂၀၁၂ ခုနှစ်ကထက် လူသတ်မှုပိုများလာကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ်နှစ်တိုင်း လူ ၃၀၀၀၀ ကျော် သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။ ချီကာဂို ရာဇဝတ်မှုခာတ်ခွဲခန်းနှင့် ရောဂါထိန်းချုပ်ရေးဗဟိုတက္ကသိုလ်စာရင်းများတွင် အမေရိကန်ပြည်ထောင်စု၌ သေနတ်ပစ်ခတ်မှုကြောင့် တစ်ရက်လျှင် ပျမ်းမျှ ၈၇ ဦးသေဆုံးခဲ့ပြီး ၁၈၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ **(ပရက်စ်တီဗွီ)**

# ဂျပန်စီးပွားရေး မူလခန့်မှန်းသည်ထက် ကျဆင်း

**တိုကျို စက်တင်ဘာ ၈**

ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၄ ခုနှစ် ဒုတိယသုံးလပတ်အတွင်း ၇ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း၊ ယင်းမှာ ငါးနှစ်အတွင်း အဆိုးရွားဆုံးကျဆင်းမှုဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျပန်စီးပွားရေးမှာ ဇွန်လအထိသုံးလအတွင်း ကျဆင်းသွားခဲ့ကြောင်း၊ မူလခန့်မှန်းထားသည်ထက် ကျဆင်းခဲ့ကြောင်း၊ ဩဂုတ်လအတွင်း ဂျပန်စီးပွားရေး ၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းလိမ့်မည်ဟု ခန့်မှန်းသုံးသပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်စီးပွားရေးကို အဆိုးရွားဆုံးကျဆင်းမှု ၇ ရာခိုင်နှုန်းအထိသာကျဆင်းလိမ့်မည်ဟု ခန့်မှန်းခဲ့သော်လည်း ယင်းခန့်မှန်းမှုထက်ပင် ပို၍နေသည်ဟု ဆိုသည်။

ဧပြီလမှ ဇွန်လအထိ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ယခင်သုံးလပတ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဂျပန်အစိုးရဝန်ကြီးအဖွဲ့က တနင်္လာနေ့က ပြောသည်။

**(ဆင်ဟွာ)**

# အီရတ်အစိုးရသစ်ဖွဲ့မည်

**ဘဂ္ဂဒက် စက်တင်ဘာ ၈**

အီရတ်အစိုးရတပ်များက အိုင်ဆစ်အကြမ်းဖက်ဝါဒီများအား ဆက်လက်ချေမှုန်းနေချိန် ပါလီမန်က အစိုးရသစ်ဖွဲ့စည်းရေးတနင်္လာနေ့တွင် ညီလာခံတစ်ရပ်ကျင်းပသွားမည်ဟု ဆိုသည်။

အီရတ်အစိုးရသစ်ဖွဲ့ရေး ပါလီမန်၌ ပါတီမဲဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပါလီမန်အမတ်ဆလင်း အယ်လ်ဂျာဘောရီက တနင်္ဂနွေနေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ ဩဂုတ် ၁၄ ရက်က ဝန်ကြီးချုပ်နော်ရီအယ်လ်မာလီကီသည် ၎င်းနေရာအား ဟိုက်ဒါအယ်လ်အဘာဒီ ဆက်ခံနိုင်ရန် ရာထူးမှနုတ်ထွက်သွားခဲ့သည်။ အီရတ်အစိုးရတပ်များသည် အိုင်ဆစ်အကြမ်းဖက်ဝါဒီများက ဇွန် ၁၀ ရက်တွင် မိုဆူးလ်မြို့ကိုသိမ်းပိုက်ပြီးနောက် တိုက်ခိုက်မှုများပြုလုပ်နေရသည်။ မိုဆူးလ်မြို့အပြီး တီကရစ်မြို့သည်လည်း သူပုန်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

# မြစ်ကမ်းပေါ်မှ မြို့တစ်မြို့ကို အိုင်အက်စ်တို့က စစ်ရေယာဉ်များစေလွှတ် တိုက်ခိုက်

**ဘဂ္ဂဒက် စက်တင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် မြစ်ကမ်းဘေးရှိမြို့တစ်မြို့ကို အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ကားဗုံးခွဲမှုတစ်ခုပြုလုပ်ပြီး စစ်ရေယာဉ်များဖြင့်ပါ တိုက်ခိုက်ခဲ့ရာ ၁၇ ဦး သေဆုံးပြီး ၅၄ ဦး ဒဏ်ရာရသွားကြောင်း စစ်ဘက်သတင်းရင်းမြစ်တစ်ခုက ယနေ့ သတင်းပေးသည်။

ဘဂ္ဂဒက်မှ ၇၀ ကီလိုမီတာ (၄၅)မိုင်ခန့်ကွာဝေးသော ဒူလိွယာမြို့ကို နံနက် အရုဏ်မတက်မီ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ၎င်းစစ်သွေးကြွများ ဆုတ်ခွာမသွားမီ နှစ်နာရီကြာအောင် တိုက်ခိုက်ခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်က ဆိုသည်။

အဆိုပါနယ်မြေအတွင်း အကြီးကျယ်ဆုံး တိုက်ခိုက်မှုဖြစ်သည့် ၎င်းတိုက်ပွဲ၌ သေဆုံးသူများမှာ အရပ်သားများနှင့် အီရတ်တပ်ဖွဲ့ဝင်များဖြစ်ပြီး အဓိကအားဖြင့် ဈေးတစ်ခုအနီး ကားဗုံးခွဲတိုက်ခိုက်မှုတွင် ထိခိုက်သေကျေမှုအများဆုံးဖြစ်ကြောင်း သတင်းရင်းမြစ်ကပြောကြားသည်။

ဒူလိွယာသည် ဘဂ္ဂဒက်မြောက်ပိုင်းရှိ ဆွန်နီမွတ်စလင်မြို့များ ရပ်ဝန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သဘောထားတင်းမာသော ဆွန်နီမွတ်စလင်ခွဲထွက်ရေးသမားများက ထိန်းချုပ်ရန်ကြိုးပမ်းလျက်ရှိသော ဒေသများ၌ ပါဝင်သည်။ **(ရိုက်တာ)**

# ကိုလံဘီယာတောင်ပိုင်းတွင် လူ ၁၀ ဦးတင်ဆောင်လာသော လေယာဉ်ပျက်ကျ

**ဘိုဂိုတာ စက်တင်ဘာ ၈**

ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း ကိုလံဘီယာနိုင်ငံ အနောက်တောင်ဘက်ရှိ တောအုပ်ထဲကို ထိုးကျရာမှ လေယာဉ်ပေါ်ပါခရီးသည် ၁၀ ဦးသေဆုံးခဲ့ကြောင်း ကိုလံဘီယာအရာရှိများက ပြောကြားခဲ့သည်။ ၎င်းလေယာဉ်မတော်တဆဖြစ်ရပ်တွင် ကလေးငယ်တစ်ဦးလည်း သေဆုံးသူများထဲတွင် ပါဝင်ခဲ့သည်။



စနေနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီက နိုင်ငံပိုင် အရာရာကုရာလေဆိပ်မှ စတင်ပျံသန်းထွက်ခွာခဲ့သော အင်ဂျင်နှစ်လုံးတပ် Pipes PA-3 နာဗဂျိုလေယာဉ်သည် လေယာဉ်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ဖလော်ရန်စာမြို့ အလွန်တွင် ပျက်ကျသွားခဲ့သည်။

လေယာဉ်ပျက်ကျရာတွင် ခရီးသည် ရှစ်ဦးနှင့် လေယာဉ်အမှုထမ်း နှစ်ဦးတို့ သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့အရာရှိ ဂက်စတာဗိုအော်တီကာက ပြောခဲ့သည်။

လေယာဉ်ပျက်ကျရာတွင် သေဆုံးခဲ့သူများသည် ကိုလံဘီယာနိုင်ငံသားများ ဖြစ်ကြသည်။


လေယာဉ်ပျက်သည် ကိုလံဘီယာနိုင်ငံအရှေ့ ပွာတိုစန်တန်ဒါမြို့လယ်မှ ၁၀ ကီလိုမီတာ(ခြောက်မိုင်)ဝေးသော နေရာတွင် ရှိသည်။ လေယာဉ်ပျက်ကျသည့်နေရာမှ သေဆုံးသူများ၏ အလောင်းများကို တနင်္ဂနွေနေ့က ပြန်လည်ရရှိခဲ့ကြောင်း လေကြောင်းညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဂွမ်ကားလိုစ့်ဂိုချာက ပြောကြားခဲ့သည်။

ကိုလံဘီယာလေတပ်လေယာဉ်သည် အလောင်းများကို အရာရာကုရာမြို့သို့ သယ်ဆောင်သွားပြီး လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ရသေးကြောင်း အာဏာပိုင်များက ပြောဆိုခဲ့သည်။

လေယာဉ်ပျံတက်ပြီး မကြာမီ အင်ဂျင်ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း ဆီဗီဂိုဂိုဂျာက ကိုလံဘီယာအသံလွှင့်ဌာနအာရ်စီအင်န်သို့ ပြောကြားခဲ့သည်။

**(ပရက်စ်တီဗွီ)**

# နာမည်ကြီးကေပေါ့ပ်အဆိုတော် ယာဉ်မတော်တဆဖြစ်ပြီးသေဆုံး



ပေါ့ပ်အဆိုတော် ရိုက်စ်ကို တွေ့ရစဉ်။

**ဆိုးလ် စက်တင်ဘာ ၈**

တောင်ကိုရီးယားနာမည်ကြီး Ladies Code ပေါ့ပ်အဖွဲ့မှ ဒုတိယအဖွဲ့ဝင်တစ်ဦးသည် ဆိုးလ်မြို့အနီး မော်တော်ကားဖြင့် ခရီးသွားစဉ် ယာဉ်မတော်တဆဖြစ်ပြီး လေးရက်အကြာတွင် သေဆုံးသွားခဲ့သည်။

ရိုက်စ် (Rise) ဟု လူသိများကျော်ကြားသည့် အသက် ၂၃ နှစ်အရွယ် ကွမ်ရီဆေးသည် တနင်္ဂနွေနေ့က ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သည်။

၎င်းသည် ဗုဒ္ဓဟူးနေ့က အဆိုပါယာဉ်မတော်တဆမှုဖြစ်ပွားပြီး အရေးပေါ်ဦးနှောက်ခွဲစိတ်မှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပိုလာရစ်ဖျော်ဖြေရေးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

၎င်းသေဆုံးမှုသည် EunB ဟုလူသိများသည့် အသက် ၂၄ နှစ်ရှိ ဂိုအွန်ဘီယာဉ်မတော်တဆမှုကြောင့် သေဆုံးပြီးနောက် သေဆုံးခဲ့ခြင်းလည်းဖြစ်သည်။

အဖွဲ့ဝင်ငါးဦးပါဝင်သည့် အဆိုပါ ပေါ့ပ်အဖွဲ့သည် ၂၀၁၃ ခုနှစ်က ပရိသတ်များအကြား ရေပန်းစားပေါ်ထွက်လာပြီး လွန်ခဲ့သည့်လက Kiss Kiss အမည်ရှိ တေးအယ်လ်ဘမ်ထွက်ခဲ့သည်။

အဆိုပါ Ladies Code အဖွဲ့ဝင်ထဲမှ တစ်ဦးသည် မေးရိုးအက်သွားခဲ့ပြီး အခြားဒဏ်ရာငယ်နှစ်ခုလည်းရခဲ့၍ ဆေးရုံ၌ တက်ရောက်ကုသနေရသည်။ ယင်းပေါ့ပ်အဖွဲ့သည် ဒေဂူးမြို့အရှေ့တောင်ပိုင်း၌ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးအပြီး မြို့တော်ဆိုးလ်သို့အပြန် ယာဉ်မတော်တဆဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့စုံစမ်းရေးမှူး လီဟိုဒေါင်က အေပီသို့ ပြောသည်။ **(ဘီဘီစီ)**

# အိုင်အက်စ်စစ်သွေးကြွများလက်ထဲက မြို့ကို အီရတ်တပ်ဖွဲ့များ ပြန်လည်သိမ်းယူ

**ဘဂ္ဂဒက် စက်တင်ဘာ ၈**

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အမေရိကန်၏ လေကြောင်းအကူအညီဖြင့် နိုင်ငံအနောက်ပိုင်းရှိ ဘာဝါနာမြို့နှင့် ၎င်းအနီးအနားတစ်ဝိုက်ရှိ ကျေးရွာများကို အိုင်အက်စ်စစ်သွေးကြွများ၏လက်ထဲမှ တနင်္ဂနွေနေ့က ပြန်လည်သိမ်းယူခဲ့ကြောင်း ဆင်ဟွာသတင်းများတွင် ရေးသားဖော်ပြသည်။

ဒေသခံလူမျိုးစုများနှင့် ပူးပေါင်းထားသော အီရတ်တပ်ဖွဲ့ဝင်များသည် ဘာဝါနာမြို့ကို ပြန်လည်ရယူရန် ကြီးမားသော ထိုးစစ်တစ်ရပ်ကိုဆင်နွှဲခဲ့စဉ် အမေရိကန်ကလည်း လေကြောင်းမှတစ်ဆင့် စစ်သွေးကြွများကို ပိတ်ဆို့တိုက်ခိုက်ခဲ့သဖြင့် အရေးနိမ့်သွားသော စစ်သွေးကြွများမှာ ဘာဝါနာမြို့အပြင် အနီးအနားရှိကျေးရွာများကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

**ပြောကြား**

ဘာဝါနာမြို့တော်ဝန် အက်ဒူဟာကင်အယ်လ်ဂျူဂါဖီက ဒေသခံဆွန်နီများ အီရတ်တပ်ဖွဲ့နှင့်ပူးပေါင်းကာ စစ်သွေးကြွများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြစဉ် အမေရိကန်က လေကြောင်းမှ ကူညီတိုက်ခိုက်ခဲ့သဖြင့် အိုင်အက်စ်စစ်သွေးကြွများ အရေးနိမ့်ကာ ၎င်းတို့သိမ်းပိုက်ထားသမျှ လက်လွှတ်ဆုံးရှုံးခဲ့ကြကြောင်း သတင်းထောက်များကို ပြောကြားသည်။

**(အမ်အင်န်အေ/ဆင်ဟွာ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ ပြည်မြို့

ပါမောက္ခဒေါက်တာ
အောင်ထွန်းသက်

**ရောက်ဖူးချင်တဲ့ နေရာတစ်ခုကို မမျှော်လင့်ဘဲရောက်ခဲ့တဲ့ စိတ်ချမ်းသာမှုဟာ အလွန်ထူးခြားလှပါတယ်။**

ကျွန်တော်ပြည်မြို့ကို မရောက်တာ တော်တော်လေး ကြာခဲ့ပြီ။ အမှန်တော့ နီးရက်နဲ့ ဝေးရတဲ့ အဖြစ်မျိုးပါ။ ခရီးအကွာအဝေးအနေနဲ့ ရန်ကုန်နဲ့ မိုင် ၂၀၀ တောင်မပြည့်ပါဘူး။ တက္ကသိုလ်မှာ တာဝန်ယူစဉ်က ခြေလျင်တောင်တက်အဖွဲ့နဲ့ ပေလီကမ်းခြေသွားတဲ့အခါ ရွှေဝတီမြစ်ကို ခက်ခက်ခဲခဲနဲ့ ပြည်မြို့ကတစ်ဆင့်သွားခဲ့ရတာ။ အခုတော့ မြစ်ကူးတံတားကြီးရှိနေတာမို့ အလွယ်တကူသွားနိုင်ပြီ။

ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုဟာ အလွန်အရေးကြီးတယ်ဆိုတာ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍဟာ တိုင်းပြည်ရဲ့စီးပွားရေး တိုးတက်မှုကို အရှိန်အဟုန်နဲ့ ဆွဲဆောင်နိုင်မယ်လို့ ခံယူထားတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ စွန့်စားတီထွင်ဦးစီးမှုတွေကို အားကိုး အားထားရမှာသာဖြစ်ပါတယ်။ တစ်ချိန်တုန်းက စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ ဦးတည်ချက်က တစ်ခုပဲရှိတယ်လို့ လက်ခံထားပါတယ်။ ဒါကတော့ အမြတ်ရရှိရေးပဲဖြစ်တယ်။ အခုတော့ စီးပွားရေးလုပ်ငန်းတွေမှာ လူမှုရေးတာဝန်ရှိတယ်လို့ လက်ခံလာကြတယ်။ လူမှုရေးတာဝန်ကျေတဲ့ လုပ်ငန်းတွေရှိဖို့ လိုတယ်လို့ သဘောတူလာကြတယ်။ ကျွန်တော့်အနေနဲ့ လူမှုရေးတာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံမှာ ရှင်သန်ကြီးထွားဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ဆောင်းပါးတွေကတစ်ဆင့် ဟောပြောပွဲတွေကတစ်ဖုံ အမျိုးမျိုးကြိုးစားလျက်ရှိပါတယ်။

ကျွန်တော်နဲ့ရင်းနှီးတဲ့ ဆရာ ဦးမာတင်ပန်းက **"ဆရာရေ၊ ပြည်ကိုသွားရအောင်၊ ဟိုမှာဆရာ့အတွက် ဟောပြောပွဲနှစ်ခု စီစဉ်ထားတယ်။ လူမှုရေးတာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ခေါင်းစဉ်နဲ့ ပြည်က ပရိသတ်တွေကို ဟောပေးပါ"** လို့ပြောပါတယ်။ ကျွန်တော်နဲ့ ဆရာဦးမာတင်ပန်းက သိကျွမ်းတာ အတော်ကြာခဲ့ပါပြီ။ မြန်မာပြည်ကို ပြန်ရောက်တဲ့ ၂၀၀၈ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ သူနဲ့ အလုပ်အတူတူလုပ်ဖြစ်တယ်။ သူတည်ထောင်ခဲ့တဲ့ လူမှုရေးအဖွဲ့အစည်းမှာ တာဝန်ယူနေတဲ့ ဝန်ထမ်းတွေကို သင်တန်းပေးရာကစပြီး ခင်ခဲ့တယ်။ သူ့ရဲ့မိသားစုနဲ့လည်း ရင်းနှီးတယ်။

ကျွန်တော်ဟာ ဟောပြောပွဲတွေကို ရန်ကုန်မှာလုပ်တာများတယ်။ ရံဖန်ရံခါ မန္တလေးမှာ ဟောဖြစ်တယ်။ တစ်ခါမှ ပြည်မြို့မှာ မဟောခဲ့ရတော့ လိုက်မယ်လို့ ဆရာဦးမာတင်ပန်းကို ကတိပေးလိုက်တယ်။ မိသားစုပါခေါ်ခဲ့ပါဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့။

စောစောကတင်ပြခဲ့သလို ပြည်ကိုသွားချင်တဲ့အကြောင်းကလည်းရှိတယ်။ ကျွန်တော် တလောက ပြင်သစ်နိုင်ငံ ပါရီမြို့ကို ရောက်ရင်း မြန်မာနိုင်ငံသံအမတ်ကြီးနဲ့တွေ့တော့ သူက ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူနက်စကိုက ရှေးဟောင်းကမ္ဘာ့အမွေအနှစ်အဖြစ် ပျူယဉ်ကျေးမှုထွန်းကားတဲ့ သရေခေတ္တရာ၊ ဟန်လင်းနဲ့ဗိဿနိုးမြို့သုံးမြို့ကို ရွေးချယ်ခဲ့ပုံကို အသေးစိတ်ရှင်းပြခဲ့တယ်။

**ဒီလိုအသိအမှတ်ပြုခြင်းခံရတာ အမှန်တော့ နိုင်ငံသားအားလုံးအတွက် အလွန်မှဂုဏ်ယူစရာ၊ တန်ဖိုးထားစရာကိစ္စတစ်ခုဖြစ်ပါတယ်။ အခုလို ပျူရှေးဟောင်း မြို့သုံးမြို့ကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်တာဟာ မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် အသိအမှတ်ပြုခြင်း ခံရတာဖြစ်တယ်။ အင်မတန်မှ ထူးခြားတဲ့အသိအမှတ်ပြုမှု တစ်ရပ်ဖြစ်ပါတယ်။**

**ဒါကိုအလွယ်တကူ ရခဲ့တာမဟုတ်ပါဘူး။ ယူနက်စကိုအဖွဲ့ဝင်နိုင်ငံတွေက သဘောတူမှရတာ၊ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ အသိအမှတ်ပြုခြင်းခံရဖို့ ကြိုးစားတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ရှိသူတွေကို ချီးကျူးရမှာဖြစ်တယ်။ ကျွန်တော်က ဒီသတင်းကို ပြည်တွင်းဂျာနယ်တွေ၊ သတင်းစာတွေမှာ အကြီးအကျယ်ဖော်ပြစေချင်လိုက်တာ၊ တိုင်းပြည်အတွက် အရေးမပါတဲ့ကိစ္စတွေမှာ လိုတာထက်ပိုပြီး ဂျာနယ်၊ သတင်းစာတွေမှာ အသားပေးရေးသားဖော်ထုတ်ကြပေမယ့် အခုလိုအဖိုးမဖြတ်နိုင်တဲ့ ကိစ္စမျိုးကိုတော့ မသိသလိုလုပ်နေတာ စဉ်းစားလို့မရဖြစ်မိတယ်။ ကောင်းတဲ့ကိစ္စတစ်ခုဟာ သတင်းမဟုတ်ဘူး။ မကောင်းမှသတင်းဖြစ်တာလို့ပြောတာကိုလက်ခံရမလိုဖြစ်မိတယ်။**

အသိအမှတ်ပြုမှုဟာ ပြည်သူတွေအားလုံးနဲ့ သက်ဆိုင်တယ်။ ဒီရှေးဟောင်းမြို့သုံးမြို့ကို ကမ္ဘာလှည့်ခရီးသည်တွေက စိတ်ဝင်တစားနဲ့လာကြမှာ သေချာတယ်။ ဒီမြို့မှာရှိတဲ့လုပ်ငန်းရှင်တွေအတွက်လည်းကောင်း၊ လူငယ်တွေအတွက်လည်းကောင်း အလုပ်အကိုင်အခွင့်အရေးတွေအများကြီးရမှာ။ အခုလို အသိအမှတ်ပြုခံရတာမို့ ရှေးဟောင်းအမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်ပြီးလုပ်နိုင်မှာဖြစ်တယ်။ ဒီသုံးမြို့အနက် သရေခေတ္တရာက ပြည်မြို့နဲ့နီးတာမို့ သွားရေးလာရေးလွယ်ကူသလို ဝိုင်းဝန်းကူညီပေးမယ့်သူတွေ၊ အဖွဲ့အစည်းတွေကများတယ်။ ဟန်လင်းနဲ့ ဗိဿနိုးမြို့တွေအတွက် လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ တိုးမြှင့်ပြီးဆောင်ရွက်ပေးဖို့လိုအပ်မှာဖြစ်တယ်။

ဆရာ ဦးမာတင်ပန်းနဲ့သူ့ဇနီးတို့က မနက်အစောကြီးအိမ်ကိုလာကြိုတယ်။ ကျွန်တော်တို့မိသားစုသုံးယောက်က လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေ၊

> **ပျူရှေးဟောင်းမြို့သုံးမြို့ကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်တာဟာ မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် အသိအမှတ်ပြုခြင်း ခံရတာဖြစ်တယ်။ အင်မတန်မှ ထူးခြားတဲ့ အသိအမှတ်ပြုမှု တစ်ရပ်ဖြစ်ပါတယ်....**

အစားအသောက်တွေနဲ့အတူ ကားပေါ်လိုက်ခဲ့တာ။ အိမ်ကထွက်လာပြီး ကုန်းမြင့်သာယာ စားသောက်ဆိုင်မှာ နောက်တစ်ဖွဲ့နဲ့ဆုံတယ်။ သူတို့က ဆရာဦးမာတင်ပန်းရဲ့အဖွဲ့အစည်းကဝန်ထမ်းတွေ မနက်စာစားပြီး ပြည်မြို့ကို ထွက်ခဲ့တယ်။ လမ်းကအတော် ကောင်းတယ်။ မှော်ဘီ၊ တိုက်ကြီးကတစ်ဆင့် ရန်ကုန်-ပြည်လမ်းတစ်လျှောက် တစ်မြို့ပြီးတစ်မြို့ဖြတ်ခဲ့တာ။ တချို့မြို့တွေက လမ်းနံဘေးမှာ၊ တချို့ကတော့ လမ်းမကြီးကတစ်ဆင့် အထဲဝင်ရတယ်။ သာယာဝတီ၊ သုံးဆယ်ဖြတ်ပြီး ကြို့ပင်ကောက်မြို့မှာ ခဏလက်ဖက်ရည်သောက်ဖို့နားတယ်။ ရွှေတောင်မြို့ကိုကျော်ပြီး မကြာမီပဲ ပြည်မြို့ထဲဝင်ခဲ့တာ။ နေ့လယ်စာစားမယ့် အချိန်ရောက်တာမို့ ဘယ်မှာစားကြမလဲ ရွေးတော့ နောက်ဆုံးဆရာဦးမာတင်ပန်းသိတဲ့ ဧရာဝတီမြစ်ကူးတံတားကြီးအနီးရှိတဲ့ဆိုင်ကို သွားခဲ့ကြတယ်။ သူကဒီထမင်းဆိုင်အကြောင်းပြောကတည်းက စိတ်ဝင်စားနေတာ။ ဆိုင်ကိုရောက်တော့ ဧည့်သည်တွေ အပြည့်။ ပြည်မြို့ကဟောပြောပွဲအတွက် တာဝန်ရှိသူတွေကလည်း မချိန်းဘဲရောက်နေကြတော့ အဆင်ပြေသွားတယ်။

ထမင်းဆိုင်မှာ ဟင်းကတစ်မျိုးတည်း ရောင်းချတာ။ ဒါကကြက်သား ကာလသားချက် (ဟင်းရည်သောက်ကြက်သား)။ ကျန်တာဘာမှမရောင်းဘူး။ ကျွန်တော်က အသားမစားဘူး။ ဒါပေမယ့် ဒီကြက်သားဟင်းနဲ့အတူ ဟင်းအရန်က ကိုးမျိုးလောက်ပါတယ်။ ကျွန်တော်တို့အဖို့ အတော်အဆင်ပြေသွားတာ။ ခရီးပန်းလို့ထင်ပါရဲ့၊ ထမင်းမြိန်တယ်။ ဟင်းစပ်တည့်တဲ့ အချက်အပြုတ်ပါ။ ဆိုင်ရှင်ကလူငယ်။ ကျွန်တော့်ကို သိနေသူ။ ကာတွန်းဆရာ အော်ပီကျယ်ရဲ့ သူငယ်ချင်း။ အခုလိုစွန့်ထွင်ဦးစီးတဲ့ မြန်မာလူငယ်တစ်ယောက်ကိုတွေ့ရတာ ကျေနပ်မိတယ်။ အဝစားကို ငွေကျပ် ၂၀၀၀ ကျော်၊ တစ်ကမ္ဘာလုံးမှာ မရနိုင်တဲ့ အခြေအနေမျိုး။ ဆိုင်ရှင်က ရန်ကုန်မြို့ အလုံ သိပ္ပံလမ်းမှာလည်း နောက်တစ်ဆိုင်ဖွင့်ထားတယ်လို့ ပြောပြပါတယ်။

နေ့လယ်စာစားပြီး တည်းခိုမယ့် ပြည်မြို့မင်္ဂလာဂါးဒင်းဟိုတယ်ကို သွားခဲ့တယ်။ ဟိုတယ်က ပြည်မြို့ပြင်မှာ သာယာလိုက်တာ။ သဘာဝရေစမ်းတစ်ခုကို ကျွန်းအဖြစ် ဖန်တီးထားပြီး တည်းခိုနိုင်မယ့် ဘန်ဂလိုတွေနဲ့ ဖွဲ့စည်းထားတာ။ ကျွန်တော်တို့အဖွဲ့က ရောက်ရောက်ချင်း ခဏနားပြီး သွားချင်လှတဲ့ သရေခေတ္တရာမြို့ကို ကားနဲ့ထွက်ခဲ့တာ။ ဟိုတယ်ကနေ မိနစ် ၂၀ လောက်မှာပဲ မှော်ဇာရွာကို ရောက်ခဲ့တယ်။ ဒီကတစ်ဆင့် မြို့ရိုးအဟောင်း အဝင်ဝကနေ သရေခေတ္တရာမြို့အတွင်း ဝင်ခဲ့တယ်။ နောက် ပြတိုက်ကို သွားခဲ့တယ်။ ပြတိုက်ထဲရောက်မှ ပိုပြီးအံ့သြရတယ်။

**ထူးခြားလှတဲ့ လက်ရာတွေအပြည့်ရှိတဲ့ ဗုဒ္ဓရုပ်တုတွေ၊ မြေအိုးတွေ၊ ကျောက်ဆစ်ရုပ်တုတွေ၊ အရိုးအိုးတွေ၊ ပုတီးတွေ၊ ငွေဒင်္ဂါးတွေ၊ အသုံးအဆောင်ပစ္စည်းတွေ။ တလောက အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှာရှိတဲ့ ကမ္ဘာကျော်ပြတိုက်တစ်ခုမှာ အရှေ့တောင်အာရှနိုင်ငံတွေက ထူးခြားလှတဲ့ ရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှုပြပွဲတစ်ခုမှာ ပြသထားတာကို ကျွန်တော်က အင်တာနက်မှာ မြင်လိုက်ရတယ်။ ပျူယဉ်ကျေးမှု ကိုယ်စားပြုပစ္စည်းလေးခုကို ပြသခဲ့တယ်။ အခုတော့ မျက်မြင်ကိုယ်တွေ့မြင်ရတာမို့ အလွန်ကျေနပ်မိပါတယ်။ ပြတိုက်ထဲက မထွက်ချင်ဘူး။ ကြည့်လို့မဝဘူး။ ဒီပြတိုက်မှာ ပြသထားတာတွေက ပစ္စည်းတွေမဟုတ်ပါဘူး။ လူမျိုး တစ်မျိုးရဲ့ တိုးတက်မှု၊ ရင့်ကျက်မှု၊ သိမ်မွေ့မှုတွေကို ဖော်ပြထားတာ။ ပြတိုက်ကနေ ဘောဘောကြီးဘုရားကို သွားဖူးကြတယ်။ ဒီစေတီကြီးကို ဓာတ်ပုံထဲကတစ်ဆင့် မြင်တွေ့ရပေမယ့် အခုလို မျက်မြင်ဖူးခွင့်ရတာမို့ အလွန်ကျေနပ်မိတယ်။**

ရှေးဟောင်းမြို့အတွင်းရှိတဲ့ မော်တော်ယာဉ်လမ်းကတစ်ဆင့် တစ်မြို့လုံး နှံ့အောင်ကြည့်ဖြစ်တယ်။ အဆောက်အအုံတွေကို မြင်ရတယ်။ ရှေးဟောင်းအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားတဲ့ ကျောက်တိုင်တွေကိုလည်း တွေ့ရတယ်။

သရေခေတ္တရာမြို့ကို ကြည့်လို့ဝမှ အနီးမှာရှိတဲ့ ပေါင်းတလည်မြို့ကို သွားခဲ့တယ်။ ဒါက လူမှုရေးကိစ္စ။ ကျွန်တော်တို့ နိုင်ငံခြားမှာနေစဉ် သမီးငယ်ကို ပြုစုစောင့်ရှောက်ခဲ့တဲ့သူက ပေါင်းတလည်မြို့မှာရှိတယ်။ မြန်မာပြည်ပြန်ရောက်တော့ သူကကျွန်တော်တို့နဲ့ မနေတော့ဘဲ ပေါင်းတလည်မှာပဲ အိမ်ထောင်ပြုပြီး အခြေကျနေတာ။ သမီးက အခုကျောင်းပိတ်ရက်မှာ မြန်မာပြည် ခဏပြန်လာတော့ သူ့ရဲ့အထိန်းနဲ့ပြန်တွေ့စေချင်တာ။ ဒါကြောင့်လည်း တကူးတကသွားခဲ့တာဖြစ်ပါတယ်။

ပေါင်းတလည်ကပြန်တော့ မိုးချုပ်နေပြီ။ ဟိုတယ်မှာ ရေမိုးချိုးပြီး ညစာကို စားသောက်ဆိုင်တစ်ခုမှာ သွားစားကြတယ်။ ဆရာမာတင်ပန်းရဲ့ အဖွဲ့သားတွေရယ်၊ ပြည်မင်္ဂလာဂါးဒင်းပိုင်ရှင် ကိုသန်းထွန်းအောင်ရယ်၊ ကိုလှဝင်းတို့ရယ် တွေ့ရတယ်။ သူတို့က ပျူယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် အသိအမှတ်ပြုခြင်းခံရမှုမှာ အရေးပါတဲ့သူတွေ။ သူတို့ရဲ့လုပ်ဆောင်မှုတွေဟာ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုတွေကို အထောက်အပံ့ဖြစ်စေခဲ့တာ။

မနက်စောစောဟောပြောပွဲလုပ်မယ့် ဧရာဝတီမြစ်နံဘေးရှိတဲ့နေရာကို သွားခဲ့တယ်။ စီစဉ်ထားတာက နှစ်ပွဲ၊ ပထမပွဲက ပြည်မြို့ရဲ့ စီးပွားရေးအသိုက်အဝန်းအတွက်ဖြစ်ပြီး ဒုတိယပွဲက မြို့သူမြို့သားတွေအတွက် ဖြစ်တယ်။ ကျွန်တော်က ပြင်ဆင်ထားတဲ့အတိုင်း Slide Show နဲ့ဟောခဲ့ပါတယ်။ ပွဲတစ်ခုနဲ့တစ်ခုအကြား မနားတော့ဘဲ ဆက်တိုက်လုပ်ခဲ့တာမို့ နည်းနည်းတော့ ပင်ပန်းသား။

ဟောပြောပွဲအပြီး အမေးအဖြေခန်းမှာ မေးခွန်းတွေက စိတ်ဝင်စားစရာတွေ၊ သိချင်တာတွေ၊ ဆွေးနွေးချင်တာတွေက အပြည့်ပါ။ နေ့လယ်စာကို စားပြီး အပြန်ခရီး ရန်ကုန်ကိုထွက်ခဲ့ကြတယ်။ ရွှေတောင်မှာ ဇနီးသည်က ဒေသထွက် ချည်ထည် လုံချည်တွေ၊ ပုဆိုးတွေဝယ်ခဲ့တယ်။ ဈေးတွေကလည်း သက်သာတယ်။ ရန်ကုန်ရောက်တော့ ည ၈ နာရီကျော်နေပြီ။

**နှစ်ရက်ခရီးတိုကလေးကို ထွက်ခဲ့ရတာ အလွန်ကျေနပ်မိပါတယ်။ ရောက်ချင်လှတဲ့ သရေခေတ္တရာကိုလည်း ရောက်ခဲ့တယ်။ လုပ်ချင်လှတဲ့ ဟောပြောပွဲကိုလည်း လုပ်ခွင့်ရခဲ့တယ်။ ပင်ပန်းတာကတော့ အပိုဆုပါ။**

## လမ်းမတော် အလက(၁)ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း သံလွင်ဆောင်ကျောင်းဆောင်သစ်ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

ရွှေဦးစွာ နံနက် ၉ နာရီတွင် ပန္နက်တင်အခမ်းအနားကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ လမ်းမတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်နှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က သံလွင်ဆောင်ကျောင်းဆောင်သစ် တည်ဆောက်မည့် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းက သံလွင်ဆောင် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းရီက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသံလွင်ဆောင် ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံ ၃၆ ပေရှိ အာရ်စီ တစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး စာသင်ခန်းခြောက်ခန်း ပါဝင်မည်ဖြစ်သည်။

ကျောင်းဆောင်သစ်ကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက ငွေကျပ် သိန်း ၆၇၀ ခန့်အကုန်အကျခံဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးဆောက်လုပ်မည်ဖြစ်သည်။

ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တစ်နိုင်ငံလုံး၌ ကျောင်းပေါင်း ၇၈ ကျောင်းဆောက်လုပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန၊ အခြေစိုက်အလုပ်ရုံ(ပြည်)၏ အမှုထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို စက်တင်ဘာ ၂ ရက်က ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံတွင် ဖွင့်လှစ်ခဲ့ရာ ရုံးချုပ်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးအောင်က (Third Wave) လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ မြင့်နိုင်(ပြည်)

ပြည်တွင်းသတင်း

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်တိုးမြှင့်သွားရန် ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Nguyen Phu Trong အား စက်တင်ဘာ ၆ ရက် ညနေ ၅ နာရီတွင် ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့တွေ့ဆုံစဉ် မိမိတို့နှစ်နိုင်ငံသည် မိတ်ဆွေကောင်းများဖြစ်ကြပြီး သမိုင်းအစဉ်အလာကြီးခဲ့ကြောင်း၊ တူညီသောကဏ္ဍ အများအပြားရှိနေပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် အကူအညီပေးခဲ့ကြကြောင်း၊ နိုင်ငံရေးစနစ် မည်သို့ပင်ပြောင်းစေကာမူ မိမိတို့နှစ်နိုင်ငံ ကဏ္ဍအားလုံးတို့၌ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်တိုးမြှင့်သွားရန်လိုပါကြောင်း၊ ပါတီနှစ်ရပ် ပိုမိုရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ ဒေါက်တာခင်ရွှေ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Nguyen Phu Trong နှင့်အတူ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ H.E. Mr. Nguyen Manh Tien၊ ဗဟိုကွန်မြူနစ်ပါတီမှ ဖိတ်ကြားထားသော အဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Nguyen Phu Trong တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဗီယက်နမ်-မြန်မာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားနှင့်ဘဏ်လုပ်ငန်းများတွင်ပူးပေါင်းခြင်းဖြင့် အကျိုးစီးပွားများစွာဖြစ်ထွန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်-မြန်မာ ရင်းနှီးမြှုပ်နှံသူများအသင်း (AVIM) နှင့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ပူးတွဲဥက္ကဋ္ဌ H.E.Mr. Tran Bac Ha နှင့် အဖွဲ့ဝင်များအား စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ BIDV တာဝါ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဗီယက်နမ်-မြန်မာနှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများစွာ ဖြစ်ထွန်းနိုင်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသောကာလဖြစ်သဖြင့် အခြားစီးပွားရေး ရင်းနှီးမြှုပ်နှံသူများနှင့် ပြိုင်ဆိုင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံ အနေဖြင့်လည်း ယှဉ်ပြိုင်နိုင်သော အရည်အသွေးများ ရှိနေပြီဟု ယုံကြည်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗီယက်နမ်-မြန်မာရင်းနှီးမြှုပ်နှံသူများအသင်းနှင့်ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် ပူးတွဲ ဥက္ကဋ္ဌနှင့်အတူ စုပေါင်းဓာတ်ပုံ ရိုက်စဉ်။** (သတင်းစဉ်)

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်-မြန်မာ ရင်းနှီးမြှုပ်နှံသူများအသင်း (AVIM)နှင့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ပူးတွဲဥက္ကဋ္ဌ H.E.Mr. Tran Bac Ha က BIDV တာဝါ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ ဒေါက်တာခင်ရွှေ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ရင်းနှီးမြှုပ်နှံသူများအသင်း (AVIM) နှင့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ပူးတွဲဥက္ကဋ္ဌ H.E.Mr. Tran Bac Ha နှင့်အတူ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး H.E. Mr.Cao Duc Phat နှင့် ဗီယက်နမ် အမျိုးသားလွှတ်တော်မှ အရာရှိများ တက်ရောက်ကြသည်။

ပြည်ထောင်စု လွှတ်တော် နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ဟိုချီမင်းမြို့ Tan Son Nhat လေဆိပ်သို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိကြပြီး ဟိုချီမင်းမြို့ ဒုတိယကောင်စစ်ဝန် Mrs. Truong Thi Anh၊ ဟိုချီမင်းမြို့ ပြည်ပဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ Mr. Tran Phuoc Anh နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြသည်။

**(သတင်းစဉ်)**

## ❍ ရှေ့ဖုံးမှ

မြန်မာအသင်းက ပါလက်စတိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ကို ကျော်ဖြတ်ပြီး ဗိုလ်စွဲခဲ့သည်။ ယင်းပြိုင်ပွဲမှာ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သော်လည်း မြန်မာအသင်းတွေ့ဆုံခဲ့သည့် အသင်းများက ၂၀၁၀ နောက်ပိုင်း မြန်မာအသင်း အနိုင်မရခဲ့သည့် အသင်းများဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်း၏ အောင်မြင်မှုက ထိုက်တန်မှုရှိပြီး မကြာမီ ယှဉ်ပြိုင်ရတော့မည့် ဆူဇူကီးဖလားပြိုင်ပွဲအတွက် စိတ်ဓာတ်အင်အားတစ်ခုပင် ဖြစ်သည်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ အား/ကာသိပ္ပံမှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများ၊ မြန်မာဘောလုံး ပရိသတ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ မြန်မာဘောလုံး၏ အရေးပါသည့် အောင်မြင်မှုဖြစ်သောကြောင့် တာဝန်ရှိသူများက လိုက်လိုက်လှဲလှဲ ကြိုဆိုကြသကဲ့သို့ မိဘဆွေမျိုးများကလည်း ဂုဏ်ပြုအနမ်းများဖြင့် အောင်ပွဲရ ဘောလုံးသမားများကို ကြိုဆိုကြသည်။

အသင်းခေါင်းဆောင် ခင်မောင်လွင်က ဆုဖလားကြီးကိုကိုင်မြှောက်၍ ရှေ့ဆုံးမှထွက်လာပြီး နည်းပြချုပ် အေဗရာမိုဗစ်၊ အုပ်ချုပ်/နည်းပြ အဖွဲ့ဝင်များ၊ ကစားသမားများက နောက်မှ အစီအရီထွက်လာကြပြီး မြန်မာဘောလုံးပရိသတ်များက လေဆိပ်ထွက်ပေါက်မှစ၍ အိုးစည်ဗုံမောင်းများတီးကာ တစ်ခဲနက်ကြိုဆိုကြပြီး လွှင့်ပျံ့လာသော 'မြန်မာနိုင်ပြီ' သီချင်းကလည်း မြန်မာ့လက်ရွေးစင်အသင်း၏ အောင်ပွဲကို ပိုမိုအရှိန်မြှင့်ပေးလျက်ရှိသည်။ ဖိလစ်ပိုင် ဖိတ်ခေါ်ပြိုင်ပွဲ ချန်ပီယံ မြန်မာအသင်းသည် အထူးစီမံထားသော မော်တော်ယာဉ်များဖြင့် လေဆိပ်မှစ၍ လှည့်လည်အောင်ပွဲခံကြသည်။ ထိပ်ဆုံးကားတွင် ဆုဖလားကြီးနှင့်အတူ အသင်းခေါင်းဆောင် ခင်မောင်လွင်၊ နည်းပြချုပ် အေဗရာမိုဗစ်တို့အပြင် ဗိုလ်လုပွဲတွင် လှပသည့်အဝေးကန်ချက်ဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ကျော်ကိုကိုတို့ လိုက်ပါလာသည်။ ဘောလုံးကို အရူးအမူးအားပေးကြသည့် မြန်မာဘောလုံးပရိသတ်များသည် မြန်မာဘောလုံးအသင်း၏ အောင်ပွဲကို အခြေအနေအမျိုးမျိုးမှ ဂုဏ်ပြုခဲ့ကြခြင်းဖြစ်သည်။



**အောင်ပွဲရ မြန်မာဘောလုံးအသင်းအား ပြည်လမ်းပေါ်တွင် ပရိသတ်များက သောင်းသောင်းဖြဖြ ကြိုဆိုနေမှုကိုတွေ့ရစဉ်။**

မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ရှေ့ဆုံးမှ ပံ့ပိုးပေးနေသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၏ ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများကလည်း ပြည်လမ်းပေါ်ရှိ ကမ္ဘောဇဘဏ်ရှေ့တွင် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ မြန်မာယူ-၁၉ အသင်းအောင်ပွဲခံစဉ်ကလည်း ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများက ဤသို့ပင်ကြိုဆိုခဲ့ကြသည်။ အောင်ပွဲရမြန်မာ့လက်ရွေးစင်အသင်းလိုက်ပါလာသော ယာဉ်တန်းသည် ပြည်လမ်းတစ်လျှောက်၊ လှည်းတန်းမီးပွိုင့်မှ တက္ကသိုလ်ရိပ်သာလမ်း၊ ကုက္ကိုင်းမီးပွိုင့်မှ ကမ္ဘာအေးဘုရားလမ်းအတိုင်း အောင်ပွဲခံရာ မြန်မာဘောလုံးပရိသတ်များက လမ်းဘေးဝဲယာမှ ကြိုဆိုခဲ့ကြသည်။ မြန်မာဘောလုံးအသင်းသည် သစ္စာလမ်းမှ ဝေဇယန္တာလမ်း၊ ယင်းမှ သုဝဏ္ဏဘောလုံးကွင်းအထိ လှည့်လည်ခဲ့ပြီး သစ္စာလမ်းအရောက်တွင် ရန်ကင်းသူ၊ ရန်ကင်းသားများက နိုင်ငံတော်အလံကို ဝှေ့ရမ်းပြီး အိုးစည်ဒိုးပတ်များဖြင့် ကြိုဆိုခဲ့ကြသည်။

သုဝဏ္ဏဘောလုံးကွင်းအရောက်တွင် မြန်မာလက်ရွေးစင် ဘောလုံးအသင်း၏ ဆုဖလားအပ်နှံပွဲကို ကျင်းပခဲ့ပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ချန်ပီယံအသင်းသားများက အပ်နှံကြသည်။ **(အပေါ်ပုံ)**



အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသင်းအား ချီးမြှင့်ထားသည့် ဂုဏ်ပြုဆုငွေကျပ် သိန်း ၁၂၄၀ အထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

အောင်ပွဲများ ဆက်နေရုံဖြင့် မြန်မာ့ဘောလုံးရွှေခေတ်ရောက်ပြီဟု မဆိုနိုင်သေးသော်လည်း ယခု အောင်မြင်မှုများမှာ မြန်မာဘောလုံး၏ အောင်မြင်မှုနိဒါန်းအစဟု ဆိုရမည်ဖြစ်သည်။ မြန်မာဘောလုံးအနေဖြင့် အလားအလာကောင်း၊ အခြေအနေကောင်းများ ပိုင်ဆိုင်ထားသကဲ့သို့ ဥက္ကဋ္ဌ ဦးဇော်ဇော်၏ မဆုတ်မနစ်ကြိုးပမ်း ဆောင်ရွက်မှုကြောင့်လည်း "မြန်မာနိုင်ပြီ" သီချင်းသံမှာ ထပ်မံလွှင့်ပျံ့လာဦးမည်ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထူးဆောင်းပါး

# စာတတ်မြောက်ရေးနှင့်ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးရေး

ဦးသန်းဦး

" **ဖတ်တတ်** ပြီဆို
ဦးညိုတို့ပျော်ပွဲ
**ရေးတတ်** ပြီဆို
ဒေါ်ပိုတို့ ပျော်ပွဲ
စာဖတ်သံတညံညံနဲ့
အဖန်ဖန် အားကုန်ကြိုး
တိုးတက်ဖို့ပဲ"

**နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ပေါ်ပေါက်လာပုံ**

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးသည် နိုင်ငံတစ်ခုချင်းအလိုက်၊ မိမိနိုင်ငံအနေဖြင့် မိမိနည်း၊ မိမိဟန်၊ မိမိအစီအမံဖြင့် နိုင်ငံတွင်းရှိ စာမတတ်သူများကို စာတတ်မြောက်လာအောင် ကြိုးပမ်းအားထုတ်လျက်ရှိကြပါသည်။

ထိုသို့ ကြိုးပမ်းအားထုတ်နေစဉ် ကုလသမဂ္ဂအဖွဲ့ကြီးက ယူနက်စကို အဖွဲ့ချုပ်အား နိုင်ငံအသီးသီး၌ စာတတ်မြောက်ရေးလုပ်ငန်းကို ပိုမို၍ ဖိဖိစီးစီး၊ ထိထိမိမိ၊ ထက်ထက်မြက်မြက်၊ အားတတ်သရော ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြစ်လာစေရန် " **ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်** " (A WORLD LITERACY CONGRESS) တစ်ရပ် ကျင်းပဆောင်ရွက်ရန် လမ်းညွှန်မှုပေးခဲ့ပါသည်။

အဆိုပါလမ်းညွှန်ချက်အရ ၁၉၆၅ ခုနှစ်(လွန်ခဲ့သော လေးဆယ့်ကိုးခုနှစ်က) စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၂ ရက်တိုင်တိုင် " **ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်** " ကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့ရာ ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ စီးပွားရေး လူမှုရေးပညာရှင်များနှင့် ပါရဂူများ တက်ရောက်ပါဝင် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဤကဲ့သို့ နိုင်ငံတကာအဆင့်အနေဖြင့် နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုတွင် **သမိုင်းမှတ်တိုင်** ကြီးတစ်ရပ် စိုက်ထူနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ " **ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်** " စတင်ကျင်းပဖြစ်ခဲ့သည့် စက်တင်ဘာ ၈ ရက်နေ့ကိုအကြောင်းပြု၍ ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သည့် " **ယူနက်စကို အထွေထွေညီလာခံကြီး** " (1966 UNESCO GENERAL CONFERENCE) က နှစ်စဉ် နှစ်တိုင်းကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ ကို " **နိုင်ငံတကာစာတတ်မြောက်ရေးနေ့** " (INTERNATIONAL LITERACY DAY) တစ်နေ့အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။

ယင်းသို့ သတ်မှတ်ပြဋ္ဌာန်းပေးချက်အရ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဟူ၍ သတ်သတ်မှတ်မှတ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

ယူနက်စကိုအဖွဲ့ချုပ်အနေဖြင့် ထိုသို့သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးနောက် မြန်မာနိုင်ငံအပါအဝင် ယူနက်စကို အဖွဲ့ဝင်နိုင်ငံတိုင်းသို့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အဖြစ် စာတတ်မြောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ် ကြိုးကုတ်ဆောင်ရွက်သွားကြရန် နှစ်စဉ် နှစ်တိုင်း **သဝဏ်လွှာ** (UNESCO Message) ပေးပို့ပြီး နှိုးဆော်တိုက်တွန်းအားပေးလျက်ရှိသည်။

နိုင်ငံတကာစာတတ်မြောက်ရေးအတွက် အထူးအားထည့်လုံ့လဝီရိယစိုက်ဆောင်ရွက်ဖြစ်စေရန်ရည်မှန်း၍ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၉၀ ပြည့်နှစ်ကို " **နိုင်ငံတကာစာတတ်မြောက်ရေးနှစ်** " အဖြစ်သတ်မှတ်ပေးခဲ့သဖြင့် ထို ၁၉၉၀ ပြည့်နှစ်သည် နိုင်ငံတကာ စာတတ်မြောက်ရေးသမိုင်း၌ ထူးခြားသည့် **မှတ်တိုင်** တစ်ခုဖြစ်လာခဲ့သည်ကို မှတ်သားထားရပါသည်။

နိုင်ငံတကာစာတတ်မြောက်ရေးအတွက် အားပေး/အားထည့်ပေးသည့် အနေဖြင့် ကျင်းပဆောင်ရွက်သည့် အဆိုပါနိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကျင်းပမှုသည် ယခုအခါ ၄၈ နှစ် ကာလသို့ပင်ရောက်ရှိလာပြီဖြစ်ပါသည်။

**(က)ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် သတ်မှတ်ပြဋ္ဌာန်းခြင်း**

နိုင်ငံတကာစာတတ်မြောက်ရေးကို တွန်းတင်အားထည့်ပြီး ဆောင်ရွက်ဖြစ်ကြစေရေးသို့ ရှေးရှု၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်ကျင်းပသည့် (၅၆) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင်---

၂၀၀၃ ခုနှစ်မှအစပြု၍ ၂၀၁၂ ခုနှစ်အဆုံးအထိ ဆယ်စုနှစ်ကို " **ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်** " (UNITED NATIONS LITERACY DECADE) (UNLD) အဖြစ်ဆုံးဖြတ်ချက်အမှတ် ၅၆/၁၁၆ ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သောကြောင့် အဆိုပါဆယ်စုနှစ် (၂၀၀၃-၂၀၁၂) ကာလအတွင်း၊ "လူတိုင်းစာတတ်မြောက်လာစေရေး" ကိုအားသွန်ခွန်စိုက် အားထည့်ကြိုးပမ်းဆောင်ရွက်ကြရပါသည်။

**(ခ) ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂ ဆယ်စုနှစ် သတ်မှတ်ပြဋ္ဌာန်းခြင်း**

ထိုကဲ့သို့ ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရာ၌ ပိုမိုထိရောက်ထက်မြက်သွက်လက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက-

၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ **ဆယ်စုနှစ်ကာလ** ကို "**ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်** " (UNITED NATIONS DECADE ON EDUCATION FOR SUSTAINABLE DE VELOPMENT) (UNDEFS) အဖြစ်ထပ်မံပြီး သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပြန်ပါသည်။

ယခုနှစ် ၂၀၁၄ သည် အဆိုပါ "**ရေရှည်တည်တံ့ဖွံ့ဖြိုးမှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်**" ၏ နောက်ဆုံးနှစ်အဖြစ် တိုက်ဆိုင်မှုရှိနေပါသည်။

အထက်ဖော်ပြပါ (က) "ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်" (၂၀၀၃-၂၀၁၂)၏ ဦးတည်ချက်အတိုင်း " **လူတိုင်းစာတတ်မြောက်ရေး** " **လုပ်ငန်းရပ်** (Literacy For All) နှင့်

(ခ) "ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်" (၂၀၀၅-၂၀၁၄) ၏ ဦးတည်ချက်တို့နှင့်အညီ လူတိုင်းစာတတ်မြောက်ရေး လုပ်ငန်းရပ်ပါဝင်သော " **လူတိုင်းအတွက်ပညာရေး** " (Education For All) နှင့်လည်း တစ်ပါတည်း

အချိတ်အဆက် မိမိကြိုးပမ်းအားထည့် အားထုတ်ဆောင်ရွက်ကြရပါသည်။ ဆောင်ရွက်လျက်ရှိကြပါသည်။

> **'ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်' စတင်ကျင်းပဖြစ်ခဲ့သည့် စက်တင်ဘာ ၈ ရက်နေ့ကို အကြောင်းပြု၍ ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သည့် 'ယူနက်စကို အထွေထွေညီလာခံကြီး' (1966 UNESCO GENERAL CONFERENCE) က နှစ်စဉ် နှစ်တိုင်းကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ကို 'နိုင်ငံတကာစာတတ်မြောက်ရေးနေ့' (INTERNATIONAL LITERACY DAY)တစ်နေ့အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ ....**

ထိုသို့ ဆောင်ရွက်ကြရာ၌ "**လူတိုင်းအတွက် စာတတ်မြောက်ရေး**" ကို လူတိုင်းအတွက် အခြေခံပညာရေး၏**ဗဟိုချက်မ** (Literacy For All is the Heart of Basic Education For All )အဖြစ် အလေးအနက်ခံယူပြီး ဆောင်ရွက်ကြရပါသည်။ ထို့ပြင် အဆိုပါ" **လူတိုင်းအတွက် စာတတ်မြောက်ရေး** "ကိုလည်း"**ဘဝတစ်သက်တာအစဉ်သင်ယူမှု**"(Life Long Learning) ၏ အခြေခံအုတ်မြစ်တစ်ရပ် (Literacy For All is the Foundation For Life Long Learning )အဖြစ် ကောင်းစွာခံယူပြီး အချက်ကျကျ အကွက်မိမိ ဆောင်ရွက်ကြရသည်သာဖြစ်ပါသည်။

အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သည့် "**ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ထားသည့် ပညာရေးဆိုင်ရာလုပ်ငန်း**"သည် စင်စစ်အားဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကကဏ္ဍကြီး သုံးရပ်ဖြစ်သော-

(က) စီးပွားရေး
(ခ) လူမှုရေး
(ဂ) ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး

တည်းဟူသော ကဏ္ဍကြီးသုံးခုအနက် " **လူမှုရေးကဏ္ဍ** "၌ "**လူတိုင်းအတွက် ပညာရေးနှင့်လူတိုင်း စာတတ်မြောက်ရေး**"တို့သည်အဓိကနှင့် လက်တွေ့ကျကျ ဆောင်ရွက်ကြရသော အခန်းကဏ္ဍမှ အသီးသီး အသက အသက ပါဝင်လျက်ရှိနေပါသည်။ ဤအချက်ကိုလည်း ကျွန်ုပ်တို့ အထူးသတိပြုမိဖို့နှင့် လက်တွေ့ကျကျ ဆောင်ရွက်ရာ၌ ကျွဲကူးရေပါ။ တစ်ဆက်တည်း တစ်ပါတည်း ဆောင်ရွက်သွားကြရသည်သာဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်သွားနိုင်ရန် ထိုလုပ်ငန်းနှစ်ရပ်သည် တစ်ဆက်တစ်စပ်တည်း သဘောသဘာဝအားဖြင့် ရှိနေကြပါသည်။ လက်တွေ့ကျကျဆောင်ရွက်မှု၌ တစ်ချက်ခုတ် နှစ်ချက်ပြတ်သည့် အကျိုးသက်ရောက်မှု ရလဒ်ကောင်းကို ကျွန်ုပ်တို့ မလွဲမသွေရရှိကြပါလိမ့်မည်။

**စာတတ်မြောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှု**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာတွင်-----

**"စာတတ်မြောက်ခြင်းဖြင့်" ဆင်းရဲနွမ်းပါးမှုမှ လျော့နည်းကျဆင်းရန် အထောက်အကူဖြစ်ပါသည်။**

**ပြည်သူလူထုမှာ အလုပ်အကိုင်ရပြီး လစာပိုမိုမြင့်မားစွာ ရရှိနိုင်ပါသည်။**

**မိခင်များနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေနိုင်သည့် အထိရောက်ဆုံးနည်းလမ်းတစ်ရပ်လည်းဖြစ်ပါသည်။**

**ဆရာဝန်များ ရေးသားပေးသည့် ဆေးညွှန်းများကို နားလည်သဘောပေါက်ပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို ရယူအသုံးပြုနိုင်စေပါသည်။**

**၁၉၉၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အကြားတွင် သားသမီး မွေးဖွားသောအသက်အရွယ်ရှိသည့် အမျိုးသမီးများ ပညာရေးတိုးတက်ကောင်းမွန်လာခြင်းကြောင့် အသက်ငါးနှစ်အောက် ကလေးသူငယ်နှစ်သန်းကျော် အသက်ဆုံးရှုံးမည့်အရေးမှ ကင်းဝေးခဲ့ပါသည်။**

**စာတတ်မြောက်ခြင်းဖြင့် အသိပညာရယူနိုင်ပြီး စွမ်းဆောင်နိုင်မှုနှင့် မိမိကိုယ်ကိုယ်လေးစားမှုဖြစ်စဉ် ပေါ်ပေါက်လာကာ အားလုံးအတွက် အကျိုးဖြစ်ထွန်းပါသည်။**

ဤစွမ်းအင်ကို သန်းပေါင်းများစွာသော ပြည်သူလူထုနှင့်မြောက်ပွားနိုင်မည်ဖြစ်လေရာ လူ့အဖွဲ့အစည်းများ၏ အနာဂတ်အတွက် အထူးလိုအပ်ပါသည် ဟူ၍ထောက်ညွှန်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဤအကြောင်းအချက်များသည် စင်စစ်အားဖြင့် စာတတ်မြောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုကို ဆက်စပ်ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပေသည်။

**မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု နှစ်(၅၀)ပြည့် ရွှေရတုကာလ**

၁၉၆၄ ခုနှစ်မှ စတင်လှုပ်ရှားကြိုးပမ်း ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ၂၀၁၄ ခုနှစ်တွင် နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၌ ရွှေရတုသဘင် ဆင်ယင်ကျင်းပနိုင်ပြီ ဖြစ်ပါသည်။

ယခုအခါ စာတတ်မြောက်ရေး"**အ**"သုံးလုံး စေတနာ့ဝန်ထမ်းလုပ်အားပေး တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းသားဟောင်းကြီးများသည် "**စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့**" ကို ဖွဲ့စည်း၍ မြို့နယ်၊ ကျေးရွာများရှိ ပြည်သူလူထုအတွက် အခမဲ့ဆေးကုသပေးခြင်း၊ စာကြည့်တိုက်များ တည်ထောင်ခြင်း၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း၊ စာပေအသိဉာဏ်၊ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဝေးလံခက်ခဲသော ကျေးရွာများသို့ အဝတ်အထည်၊ ဗလာစာအုပ်၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးခြင်း၊ စာတတ်မြောက်ရေးလုပ်ငန်းများနှင့် စာတတ်သူတိုင်းစာဖတ်ဖြစ်ရေး လှုပ်ရှားမှုများတွင် ကူညီခြင်း၊ သက်ကြီးစာပဒေသာ စာစောင်များ ထုတ်ဝေပေးခြင်း၊ အခြေအနေပေးလျှင် ပရဟိတဂေဟာနှင့် အကျဉ်းထောင်များတွင် "**အ**" သုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်ပေးခြင်းစသည့် "**လူမှုအကျိုးပြုလုပ်ငန်းများ**" ကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ဆောင်ရွက်ခြင်းသည် စာတတ်မြောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုကို ဆက်စပ်ထင်ဟပ်ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း။ အချုပ်အားဖြင့် ဤနိုင်ငံတကာ စာတတ်မြောက်ရေးနေ့၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုကြိုးပမ်းမှု နှစ်(၅၀)ပြည့် ရွှေရတုကာလတွင် မြန်မာတို့၏ စာတတ်မြောက်ရေးကြိုးပမ်းမှု သမိုင်းအစဉ်အလာနှင့်အညီ စာမတတ်သေးသည့် မြန်မာနိုင်ငံသားများအား **စာတတ်မြောက်လာအောင်၊ စာတတ်မြောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုကို ချိတ်ဆက် ရရှိလာအောင်** အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးခံယူချက်တို့ဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆက်လက်၍ မဖြစ်မနေ ညီညာဖြိုးကြိုးပမ်းအားထုတ်သွားကြရန် အထူးသဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်ရေးဟူသော အမျိုးသားရေးအကျိုးကို သယ်ပိုးရန် မျှော်ကိုးပြီး အလေးထားဆောင်ရွက်သွားကြရန် အလေးအနက်နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**"ပညာအလှူ မြတ်အလှူ
စာမတတ်သူ တို့ဝိုင်းကူ
အချိန်ရှိသမျှ စာဖတ်ကြ
လူနေလှမည့် တို့ဘဝ
သင်လျှင်တတ် ဖတ်လျှင်ပွား
စာတတ်မြောက်ခြင်း၏ ကျေးဇူးတရား"** ။ ။

## ခရိုင်ရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်ကော်မရှင်များလုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**သီပေါ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ ကျောက်မဲခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးထွန်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိဦးကျော်ကျော်က ဘဏ္ဍာရေးကိစ္စရပ်များနှင့် ဝန်ထမ်းခန့်ထားရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုကြသည်။

ထို့နောက် သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်၊ ကျောက်မဲမြို့နယ် ဥက္ကဋ္ဌဦးစိုးထွန်း၊ နောင်ချိုမြို့နယ်ဥက္ကဋ္ဌဦးတင်ဦး၊ နမ္မတူမြို့နယ်ဥက္ကဋ္ဌဦးမင်းဇော်တို့က မိမိတို့မြို့နယ်အလိုက် ရုံးဖွင့်လှစ်ဆောင်လုပ်မှုအခြေအနေ၊ ရုံးအသုံးအဆောင်ပရိဘောဂပစ္စည်းများ၊ မော်တော် ဆိုင်ကယ်၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **စိုင်း(သီပေါ)**



မြန်မာ့ဘောလုံးသတင်းနှင့်ဓာတ်ပုံ

# ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားဆွတ်ခူးခဲ့သော မြန်မာဘောလုံးအသင်းအား လှိုက်လှိုက်လှဲလှဲကြိုဆို

ဓာတ်ပုံ-သတင်းစဉ်အဖွဲ့



မြန်မာဘောလုံးသမားများ လိုက်ပါလာသည့် ယာဉ်တန်းကို ပရိသတ်များက လမ်းတစ်လျှောက် ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။



ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားဆွတ်ခူးပြီး ပြန်လည်ရောက်ရှိလာသော မြန်မာဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပရိသတ်များက ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေကြစဉ်။



ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ဆွတ်ခူးပြီး ပြန်လည်ရောက်ရှိလာသော မြန်မာဘောလုံးကစားသမားများအား အနုပညာရှင်များက ပန်းစည်းဆက် ဂုဏ်ပြုကြိုဆိုစဉ်။

ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်း အောင်ပွဲရမြန်မာဘောလုံးအသင်းအား ပရိသတ်များ ကြိုဆိုနေမှုကို တွေ့ရစဉ်။



*စာမျက်နှာ ၉ မှ*

အသင်းအတွက် ဂုဏ်ယူမိပါတယ်။ ဖိလစ်ပိုင်နဲ့ကစားတဲ့ မြန်မာ့လက်ရွေးစင်အသင်းရဲ့ အားကစားသမားအားလုံး အလွန်ကောင်းကြပါတယ်။ စိတ်ပိုင်းဆိုင်ရာရော၊ ကြိုးစားမှုအပိုင်းရော အပြစ်ပြောစရာမရှိပါဘူး။ အဲဒီနေ့ပွဲမှာ ဖိလစ်ပိုင်အသင်းက ကိုယ်ကာယအရ အများကြီး ထွားကျိုင်းတယ်၊ ကြိုးစားမှုလည်း ကောင်းပါတယ်၊ ဒီလို ကွာခြားတဲ့ကြားထဲက အောင်မြင်မှုရရှိတဲ့အတွက် ဝမ်းသာမိပါတယ်။ ကိုယ့်မိသားစုဝင် တစ်ယောက်အနေနဲ့လည်း ဂုဏ်ယူမိပါတယ်။ ကိုဝင်းမင်းထွဋ်က အသင်းမှာ နောက်တန်းကစားသမားပါ။ သူတို့ပင်ပန်းတာ ပင်ပန်းရကျိုး နပ်စေချင်တယ်။ အောင်မြင်တဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ နောက်ထပ်လည်း အောင်မြင်မှုရပါစေလို့ ဆန္ဒပြုပါတယ်။

**ဦးထွန်းထွန်းဝင်း**
**အားကစားသိပ္ပံ(ဘောလုံးနည်းပြ)**

မြန်မာ့လက်ရွေးစင်အသင်း အခုလို အောင်ပွဲနဲ့ ပြန်လည်ရောက်ရှိတာ အများကြီးဂုဏ်ယူမိပါတယ်။ အဲဒီလိုပဲ မကြိုဆိုရတာကြာပြီလေ။ ပြီးခဲ့တဲ့ ယူ-၁၉ တုန်းကလည်း ကြိုဖြစ်တယ်၊ အခုလို ကြိုရတဲ့အတွက် ဂုဏ်ယူပါတယ်။ အခုသွားတဲ့ လက်ရွေးစင်အသင်း၊ အကြီးတွေရော၊ ယူ-၁၉ အသင်းက လူငယ်တွေရော ကျွန်တော်တို့ အားကစားသိပ္ပံကျောင်းက အများကြီးပါတယ်။ ယူ-၁၉ မှာ အားကစားသိပ္ပံက ခြောက်ယောက်ပါတယ်။ အကြီးမှာ လေးယောက်ပါတယ်။ နောက်ကလေးတွေကို ကျွန်တော်တို့ဆက်ပြီး မွေးထုတ်ပေးမှာပါ။ အခုကတည်းက စည်းကမ်းရှိအောင်၊ လိမ္မာအောင်၊ အားကစားတော်အောင် မျိုးစုံ လေ့ကျင့်ပေးနေပါတယ်။

ဖိလစ်ပိုင်နဲ့ကစားတုန်းက မြန်မာ့လက်ရွေးစင်အသင်းက ရေကုန်ရေခန်းကစားကြပါတယ်။ အရင်လို တစ်ဦးကောင်း မကစားဘဲ အသင်းလိုက် စိတ်ရောကိုယ်ရော အားရောအားလုံး ဘက်စုံက အပြစ်ပြောစရာမရှိအောင် ကစားသွားတာတွေ့ရပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ အများကြီးတက်လာပါတယ်။ အရင်ပွဲတွေထက်စာရင် အများကြီးတက်လာပါတယ်။ ဖိလစ်ပိုင်အသင်းနဲ့ ကစားပုံကိုပြောရရင် မြန်မာ့လက်ရွေးစင်အသင်းက အများကြီးတိုးတက်လာပါတယ်။

ကျွန်တော်တို့ အားကစားသိပ္ပံအနေနဲ့ ရှေ့ဆက်ပြီး မျိုးဆက်သစ်တွေကို မွေးထုတ်သွားဦးမှာပါ။ (၁၆)နှစ် အသင်းရှိပါတယ်။ (၁၄)နှစ်အောက် ယောကျ်ားလေးအသင်းရှိပါတယ်။ အမျိုးသမီးအသင်းဆိုရင် (၁၃)နှစ်ကစပြီး အားကစားသမားတွေ မွေးထုတ်ပေးနေပါတယ်။ (၁၄)နှစ်အောက်နဲ့ (၁၆)နှစ်အောက် နှစ်သင်းရှိပါတယ်။ တစ်သင်းကို ၂၅ ယောက်နဲ့ ရှိပါတယ်။ နှစ်တိုင်း သူတို့ကို မွေးထုတ်ပေးပါတယ်။ တိုးတက်လာရင် ဆက်ထားတယ်။ အဓိက အားကစားစိတ်ဓာတ် တိုးတက်လာရမယ်။ တာမွေမြို့နယ် ကျိုက္ကဆံကွင်းမှာ အားကစားသိပ္ပံ ဖွင့်ထားပါတယ်။ အားကစားသိပ္ပံက လူငယ်များကို မွေးထုတ်ပါတယ်။ အရွယ်ရောက်လာရင်၊ အားကစားမှာ အဆင့်အတန်းရှိလာရင် သက်ဆိုင်ရာဌာန၊ ကလပ်တွေကို ပို့တယ်။ ကလပ်အသင်းတွေက ကြည့်တယ်၊ (၁၃)နှစ်ကစပြီး ခေါ်တာ (၁၅)နှစ် (၁၆)နှစ်ဆို ကောင်းလာတယ်။ ကလပ်အသင်းတွေက လာကမ်းလှမ်းတယ်၊ နောက်ပိုင်း ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် နေပြည်တော်မှာ အကယ်ဒမီကျောင်းတစ်ကျောင်းဖွင့်ထားတယ်။

**မောင်အောင်အောင်(မြောက်-ဒဂုံ)**
**အားကစားသိပ္ပံကျောင်းသား**
**စားပွဲတင်တင်းနစ်**

ဖိလစ်ပိုင်မှာ ကစားသွားတာ မြန်မာ့လက်ရွေးစင်အသင်း ကစားပုံ အလွန်ကောင်းပါတယ်။ ကျွန်တော့်အသက်က (၁၆)နှစ်ပါ၊ အားကစားသိပ္ပံကျောင်းကို ဒီနှစ်မှ ရောက်တာပါ။ ကြံ့ခိုင်ရေးငါးမျိုး စစ်ဆေးပြီး အရွေးခံရတာပါ။ အောင်တဲ့လူ ရွေးတာပါ။ ဘီပိုး၊ စီပိုးစစ်ပြီးတော့မှ ရွေးပါတယ်။ ကျောင်းပညာအနေနဲ့လည်း တစ်နှစ်တစ်တန်း အောင်တဲ့လူကိုမှ ခေါ်တာပါ။ (၁၀)တန်းပါ၊



အားကစားသိပ္ပံမှာ စားပွဲတင်တင်းနစ် အားကစားသမားဆိုတော့ အားကစားနည်းကိုပဲ လုပ်ရတယ်။ ကျွမ်းဘားအခြေခံရှိပါတယ်။ တစ်ပတ်တစ်ခေါက် ကျွမ်းဘားအားကစားကို လေ့ကျင့်ရပါတယ်။ စားပွဲတင်တင်းနစ် အခြေခံရှိလို့ ရွေးလိုက်တာပါ။






## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ ညောင်ပင်ရပ်ကွက်၊ အမှတ် (ညပ-၃၄၉)နေ (ဦးထွန်းမြင့်) ၁/ဗမန(နိုင်)၀၄၁၁၄၂-ဒေါ်ခင်လေးနွယ် ၁/ဗမန(နိုင်)၀၀၈၉၇၈တို့၏သမီး မယုယုဖြိုး ၁/ဗမန(နိုင်)၀၄၇၃၃၈ သည် မိဘနှင့်ဆွေမျိုးများ၏ ဆိုဆုံးမစကားကို မလိုက်နာဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

(ဦးထွန်းမြင့်)-ဒေါ်ခင်လေးနွယ်

## လူပျောက်



အထက်ပါဓာတ်ပုံပိုင်ရှင် ဦးတင်ငွေ (စိတ်ဝေဒနာရှင်) AA-၀၃၆၁၆၄သည် ၇-၉-၂၀၁၄ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ (သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်) **အမှတ် ၄၁/ခ၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊**
ဖုန်း-၀၉-၂၅၄၅၁၈၈၈၁၊ ၀၉-၅၁၇၇၉၄၀

## အသက်သည်သွေး



ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိ

**ကသာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် နတ်လှိုင်ကျေးရွာနေ ခင်မောင်ဇော်(ခ) မောင်ဇော်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ဖမ်းဆီးရေးညွှန်ကြားချက်အရ စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီခွဲက မူးယစ်တပ်စု(၆) ကသာမှ ရဲအုပ်ရောင်နီဝင်းနှင့် တပ်ဖွဲ့ဝင်များသည် ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ် အောင်လင်းဦး အဖွဲ့နှင့်ပူးပေါင်းပြီး ကသာမြို့နယ် နတ်လှိုင်ကျေးရွာနေ ခင်မောင်ဇော်(ခ) မောင်ဇော်၏နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရရှာဖွေခဲ့ရာ အဆိုပါနေအိမ်တွင် ခင်မောင်ဇော်(ခ) မောင်ဇော်ကို အသင့်တွေ့ရှိရပြီး နေအိမ်ကို ဆက်လက်ရှာဖွေရာ အဖြူရောင်အဖုံးပိတ်ပါ အနီရောင် ကော်ဘူးငယ်တစ်ဘူးအတွင်း ထည့်လျက် WY စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား အလေးချိန် ၀ ဒသမ ၉ ဂရမ် ဒေသပေါက်ဈေးတစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၅၀၀၀၊ ဘိန်းဖြူဟုယူဆရသော အမှုန့်များ ကပ်ငြိနေသည့် အနီရောင်အဖုံးပိတ်ပါ ပင်နီဆီလင်တစ်ပုလင်းတို့ကို နေအိမ်ဘုရားစင်ပေါ်မှ သက်သေများရှေ့တွင် ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

စိတ်ကြွရူးသွပ် ဆေးပြားများ လက်ဝယ်တွေ့ရှိသူ ခင်မောင်ဇော်(ခ) မောင်ဇော် (၃၂ နှစ်) နတ်လှိုင်ကျေးရွာ မိသလင်းအုပ်စု ကသာမြို့နယ် နေသူကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိမ်းဆည်းရမိခဲ့သော စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပတ်သက်၍ ခင်မောင်ဇော်(ခ)မောင်ဇော်ကို စစ်ဆေးခဲ့ရာ လွန်ခဲ့သောတစ်လကျော်ခန့်က WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ပါ တစ်ထုပ်ကို ငွေကျပ်သုံးသောင်းဖြင့် လည်းကောင်း၊ ဘိန်းဖြူပင်နီဆီလင်တစ်ပုလင်းလျှင် ငွေကျပ်နှစ်သောင်းဖြင့်လည်းကောင်း ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် နမ့်ဟန်ကျေးရွာ နမ့်ဟန်လေးဈေးတန်းနေအမည်မသိ ကချင်အမျိုးသမီးတစ်ဦးထံမှ သွားရောက်ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

**ဦးရဲ(ကသာ)**



ဇော်ထက်အား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၅ရက်က သာစည်မြို့နယ် ပြည်ညောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မိတ္ထီလာ-တောင်ကြီးကားလမ်း ပြည်ညောင်ရွာဘုန်းကြီးကျောင်းရှေ့တွင် တောင်ကြီးမှမိတ္ထီလာသို့ ဇော်ထက်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိသဖြင့် ဇော်ထက် (၃၇ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေပြည်သာမြို့နယ်၌ ဆေးခြောက် ၁ ဒသမ ၆၃၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန်အရှေ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် ၁၀/၃၃ ရပ်ကွက် လှိုင်းဘွဲ့လမ်း အမှတ်(၄၄၈/ခ)နေ မြင့်ဇော်၏နေအိမ်ကိုရှာဖွေရာ ဆေးခြောက် ၁ဒသမ ၆၃၃ ကီလို သိမ်းဆည်းရမိ၍ မြင့်ဇော် (၅၂နှစ်)အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၀၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်မှ မန္တလေးသို့ မင်းမင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၀၀ ကို သိမ်းဆည်းရမိသဖြင့် မင်းမင်းထွန်း (၂၉ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မင်းမင်းထွန်းအား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# လှိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၆ရက်က မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်မြို့နယ်(၁၆) ရပ်ကွက် ဗဟိုလမ်းနှင့် မာလာမြိုင် (၆)လမ်းထိပ်တွင် တွေ့ရှိသူ မအေမီဝင်းနှင့် မငုဝါအောင်တို့နှစ်ဦးအား ရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ သိမ်းဆည်းရမိ၍ မအေမီဝင်း (၂၉နှစ်)၊ မငုဝါအောင်(၂၉နှစ်)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၃ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျင်းမြို့နယ် ဟွေဝမ်ရွာလမ်းတွင် အာမတ်ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၅၃ ပြားနှင့် မြန်မာငွေကျပ် ၁ ဒသမ ၄ သိန်းတို့ကို သိမ်းဆည်းရမိ၍ အာမတ်(၃၁ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှု**

---

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရေနံချောင်းမြို့နေ
(ဦးဇော်လွင်-မြို့နယ်ပညာရေးမှူး)-ဒေါ်မြင့်မြင့်သန်း
(အထက်တန်းပြ-ငြိမ်း) တို့၏ တစ်ဦးတည်းသောသား
**ဗိုလ်ကြီးငြိမ်းဇော်**
**B.E(Electronics) D.S.T.A**
**နှင့်**
ရန်ကုန်မြို့၊ ကမ္ဘာအေးဗီလာအိမ်ရာနေ
ဗိုလ်မှူးချုပ်ညွှန့်တင်(ငြိမ်း)-ဒေါ်တင်တင်ကြည်
(ဥက္ကဋ္ဌ၊ ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ)တို့၏ တစ်ဦးတည်းသောသမီး
**မခင်ပြည့်ဖြိုး**
**B.A (English) Y.U.F.L**
မန်နေဂျင်းဒါရိုက်တာ၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ

တို့ကို ၆-၉-၂၀၁၄ရက်တွင် Sedona Hotel မင်းတုန်းခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးငြိမ်းဇော်-မခင်ပြည့်ဖြိုး**

## CLAIMS DAY NOTICE
**M.V OCEAN BLUE VOY:NO(311)**

Consignees of cargo carried by M.V OCEAN BLUE VOY: NO. (311) are here by notified that the vessel will arrive on about 11-9-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

**မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို** ORIGINAL BILLS OF LADING **များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။**

**သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-**

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်




## ဝန်ထမ်းအလိုရှိသည်

ဆောက်လုပ်ရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိသည်။

(၁) စီမံကိန်းအင်ဂျင်နီယာ B.E(Civil) — ကျား ၃ ဦး
(လုပ်ငန်းအတွေ့အကြုံ ၁၀ နှစ်နှင့်အထက်ရှိရမည်။)

(၂) အင်ဂျင်နီယာ B.E/AGTI(Civil) — ကျား/မ ၅ ဦး
(လုပ်ငန်းအတွေ့အကြုံ ၅ နှစ်နှင့်အထက်ရှိရမည်။)

(၃) B/Q အင်ဂျင်နီယာ(Civil) — ကျား/မ ၅ ဦး
(လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၅ နှစ်ရှိရမည်။)

(၄) ဆိုဒ်မန်နေဂျာ(ဘွဲ့ရ) — ကျား ၅ ဦး
(ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိရမည်။)

(၅) ဆိုဒ် Store Keeper (အထက်တန်းအောင်) — ကျား ၅ ဦး

(၆) Surveyor — ကျား ၁ ဦး
(လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိရမည်။)

မည်သည့်နယ်တွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV Form၊ အခြားထောက်ခံစာမူရင်းများ၊ အခြားတင်ပြလိုသော အထောက်အထားစာရွက်စာတမ်းမိတ္တူများနှင့်အတူ ၂၀-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၄၇၀၇၀၊ ၇၃၀၄၇၀၉၀၊ ၂၅၄၂၀၄၄၉၉၊ ၃၃၂၆၄၇၄၁**

## ပျောက်ဆုံးကြောင်း

ဦးသန်းနိုင်၏သား မောင်မြတ်သူအောင် ၁၄/ပသန(နိုင်)၂၆၂၂၀၂၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၁၄၉၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ကေသွယ်မိုး ၁၂/ အစန(နိုင်)၁၆၉၃၀၅အမည်ဖြင့် အကောက်ခွန်ဌာနမှ ထုတ်ပေးသော ID- 808982 စာရွက်နှင့် Custom Statement ဓာတ်ပုံစာရွက်များသည် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ပါမစ် ISP IDVY 8 12-13-11126-31/12/12 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**(ကျေးဇူးဆပ်ပါမည်။)**

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၁၂၁၅၂**

ကြော်ငြာ

# အထူးဝမ်းမြောက်ဂုဏ်ပြုခြင်း



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စတုတ္ထအကြိမ် ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ငြိမ်းချမ်းရေး ဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ရယူပေးခဲ့၍ နိုင်ငံ့ဂုဏ်ဆောင် နိုင်ခဲ့သည့် ချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့အား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

**အားကစားဝန်ကြီးဌာန**

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board

## နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

**အယူခံခြင်း**

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂၀)တွင် အယူခံခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၁၈ မှ နည်းဥပဒေ ၂၂၈ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ကောက်နုတ်၍ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၂၁၈။ ဌာနဆိုင်ရာအရေးယူမှုတွင် ဝန်ထမ်းသည် ချမှတ်ခြင်းခံရသည့်နည်းဥပဒေ ၂၀၉ အရ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍လည်းကောင်း မကျေနပ်ပါက အယူခံမှုတင်သွင်းခွင့်ရှိသည်။

နည်းဥပဒေ ၂၁၉။ အယူခံမှုတင်သွင်းလိုသည့်ဝန်ထမ်းက လျှောက်ထားတောင်းခံပါက ဌာနဆိုင်ရာ စစ်ဆေးမှုတွင် နှုတ်ဖြင့် စစ်ဆေးသည့် သက်သေများ၏ထွက်ဆိုချက်မှတ်တမ်းနှင့်ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာမိတ္တူတို့ကို ထုတ်ပေးရမည်။

နည်းဥပဒေ ၂၂၀။ ဝန်ထမ်းသည် ဌာနဆိုင်ရာအရေးယူမှုတွင်ချမှတ်သော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍လည်းကောင်း မကျေနပ်ပါက အမိန့်စာလက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်းတွင် မူလပြစ်ဒဏ် သို့မဟုတ် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်အဆင့်၏ အထက်အဆင့်အကြီးအမှူးထံသို့ အယူခံလွှာကို ပုံစံ (၁၂)ပါအတိုင်း တင်သွင်းနိုင်သည်။ သတ်မှတ်ထားသည့် အယူခံကာလထက်ကျော်လွန်မှ တင်သွင်းလာသည့် အယူခံလွှာကို သာမန်အားဖြင့် လက်ခံစဉ်းစားခြင်းမပြုရ။ သို့ရာတွင် ခိုင်လုံသော အကြောင်းပြချက်တင်ပြနိုင်ပါက အယူခံကာလ ကန့်သတ်ချက်ကို လျှော့ပေါ့ရန် စဉ်စားနိုင်သည်။ အယူခံလွှာကို လက်ခံ၍စစ်ဆေးပေးနိုင်သည်။

နည်းဥပဒေ ၂၂၁။ အယူခံလွှာကိုတင်သွင်းရာတွင်-

(က) အမှုကိစ္စနှင့်သက်ဆိုင်သည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြရမည်။

(ခ) အယူခံလွှာတင်သွင်းသည့်အချက်နှင့် ယင်းကို အထောက်အကူဖြစ်စေမည့် အကြောင်းအချက်များ ပါဝင်စေရမည်။

(ဂ) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းကို ထိခိုက်စေမည့် အသုံးအနှုန်းများနှင့် ပုဂ္ဂိုလ်ရေးထိပါးပုတ်ခတ်မှုများ မပါရှိစေရ။

(ဃ) အယူခံလွှာတင်သွင်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(င) အမှုကိစ္စနှင့် သက်ဆိုင်သည့် အမိန့်စာ မိတ္တူတစ်စောင် ပူးတွဲပါရှိရမည်။

(စ) မူလပြစ်ဒဏ် သို့မဟုတ် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်အဆင့်၏ အထက်အဆင့်အကြီးအမှူးထံသို့ တင်သွင်းရမည်။

နည်းဥပဒေ ၂၂၂။ အယူခံမှုကို ဆုံးဖြတ်ခွင့်နှင့်စပ်လျဉ်း၍-

(က) မူလပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုချမှတ်ခဲ့သူ၏ အထက်အဆင့် အကြီးအမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အယူခံအဖွဲ့သည် ထိုပြစ်ဒဏ်သို့မဟုတ် အမိန့်နှင့်စပ်လျဉ်းသည့် အယူခံမှုကို ဆုံးဖြတ်ခွင့်ရှိသည်။ မူလပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုချမှတ်ခဲ့ရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးကိုယ်တိုင် ပါဝင်ခဲ့လျှင် ယင်းကပင် အယူခံအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မူလအမှုကို ဆုံးဖြတ်ရာ၌ မပါဝင်သူနှစ်ဦးကို အယူခံအဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းပြီး အယူခံမှုကို ဆုံးဖြတ်ရမည်။

(ခ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးများက အယူခံဝင်သည့် အမှုမှအပ အခြားအယူခံမှုများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအဆင့်၌ပင် ပြီးပြတ်စေရမည်။

(ဂ) ဝန်ထမ်းအဖွဲ့အစည်းအလိုက် အယူခံဆုံးဖြတ်ခွင့်ရှိသည့် အယူခံအဖွဲ့အဆင့်ဆင့်ကို သတ်မှတ်ရမည်။

နည်းဥပဒေ ၂၂၆။ အယူခံမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

---

**ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ**

## (၉)နှစ်မြောက် အာဟာရဒါနကျွေးမွေး

**ရမည်းသင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဲချောင်းစံပြကျေးရွာ (ရွှေမြင်တင်) မင်္ဂလာရာမဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်း ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တကောဝိဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အာဟာရဒါနရက်သတ္တပတ်အဖြစ် စက်တင်ဘာ ၅ ရက်တွင် စာသင်ကျောင်းများ၌ မုန့်ဟင်းခါးကုသိုလ်ပြုကျွေးမွေးခဲ့သည်ဟု သိရသည်။

ယင်းသို့ အာဟာရဒါနကျွေးမွေးရာတွင် အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် အထက(ခွဲ)ရှိ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၇၅၀ ကျော်၊ သဲချောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ၁၈၀ ၊ ကန်သာအေးရွာ အမကတွင် ၇၅ ဦး စုစုပေါင်းဦးရေ ၁၀၀၀ ကျော် ကျွေးမွေးခဲ့သည်။

ယခုကဲ့သို့ပင် အာဟာရဒါန ရက်သတ္တပတ်အဖြစ် မင်္ဂလာရာမဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်းမှ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒဦးစီး၍ နှစ်စဉ်ကျွေးမွေးခဲ့သည်မှာ (၉)နှစ်မြောက်ရှိပြီဟု သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## မင်းတုန်းမြို့နယ်အတွင်း နယ်လှည့်ဆေးကုသ

**သရက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင်ကျေးရွာအုပ်စုများအတွင်း နယ်လှည့်ဆေးကုသခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ ရက်နေ့က မင်းတုန်းမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု ၁၂အုပ်စုရှိ ရွာပေါင်း ၁၈ ရွာမှ ဒေသခံပြည်သူများအား ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသခြင်းကို မင်းတုန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာဇော်သိန်းနှင့် ဆရာ ဆရာမများက ဒေသခံပြည်သူများ၏ သွားနှင့် ခံတွင်းကုသခြင်း၊ အထွေထွေကျန်းမာရေးများကို ကုသဆောင်ရွက်ပေးခဲ့သည်။ ကျောက်တိုင် ကျေးရွာအလယ်တန်းကျောင်းခွဲမှ ကျောင်းသားကျောင်းသူ ၂၀၀ ခန့်ကိုလည်း သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ မင်းတုန်းမြို့နယ်တွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဩဂုတ်လအတွင်းကလည်း ဝမ်းတွင်းကျေးရွာအုပ်စုခုနစ်စုက ကျေးရွာတွေမှာကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အခု စက်တင်ဘာလမှာ ဒုတိယအကြိမ်နယ်လှည့်ပြီးဒေသခံတောင်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဆောင်ရွက်ပေးခွင့်ရလို့ ဆရာဝန်ကြီးတွေနဲ့ ဆရာ ဆရာမတွေရဲ့ ကိုယ်စားဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးနိုင်က ပြောသည်။

**ပေါက်ကလေး(သရက်)**

## စက်ရုံမှစွန့်ပစ်ဓာတုဆိုးဆေးရည်များကြောင့် ပြည်သူများသွားလာမှုခက်ခဲ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)၏ ရေဥက္ကံဈေးအနီးတွင်ရှိသော နဝဒေးလမ်းမကြီးသည် ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ စက်ရုံဆင်းလုပ်သားများ အားကိုးအားထားပြုကာ နေ့စဉ်သွားလာနေသော လမ်းမကြီးဖြစ်ပြီး ထိုလမ်းမှာ နွေ၊ မိုး၊ ဆောင်း စက်ရုံမှစွန့်ပစ်သော ဓာတုဗေဒဆိုးဆေးရည်များ မြောင်းအတွင်းမှ ဆက်သွယ်ရေးမြောင်းအတိုင်း ပန်းလှိုင်မြစ်အတွင်းစီးဆင်းမှုမရှိဘဲ ကွန်ကရစ်လမ်းပေါ်တွင် ရေဝပ်ရေလျှံဖြစ်နေကြောင်း သိရသည်။

အဆိုပါနဝဒေးလမ်းရှိ ဆေးဆိုးပန်းရိုက် စက်ရုံမှညနေ ၄ နာရီကျော်သည်နှင့် စွန့်ပစ်ရေများစီးဆင်းလာရာ နဝဒေးလမ်းထိပ်နှင့် ထိစပ်နေသော ဦးဖိုးသာ လမ်းမပေါ်သို့ လျှံကျ၍ လမ်းဘေးရှိ ရေဥက္ကံဈေးအတွင်းနှင့် ဈေးလမ်းမ ကွန်ကရစ်လမ်းတစ်လျှောက် အမှတ်(၆)အထက်တန်းကျောင်းမြောက်ဘက် တံခါးပေါက်အထိ စီးဆင်းရေဝပ်နေသည့်အတွက် ကျောင်းသား ကျောင်းသူများ ခြေထောက်တွင် ယားနာများခံစားလျက်ရှိကြောင်း၊ နဝဒေးလမ်းပေါ်ရှိ ဆိုးဆေးစက်ရုံမှ စီးဆင်းလာသော ဓာတုရေများကြောင့် အများပြည်သူသွားလာမှုခက်ခဲခြင်း၊ ရေဥက္ကံဈေးအတွင်း ရေဝပ်၍ ဈေးဆိုင်များပိတ်ကာ ကွန်ကရစ်လမ်းပေါ်တွင် ဈေးရောင်းနေရခြင်းကြောင့် ပြည်သူများနေ့စဉ်သွားလာမှု ခက်ခဲနေကြောင်း သိရသည်။

**မြင့်မြတ်သစ္စာ**



---


### မန္တလေးတက္ကသိုလ် သချာၤကျောင်းသူ ကျောင်းသားဟောင်းများ၏
### (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှိုးဆော်လွှာ

မန္တလေးတက္ကသိုလ် သချာၤကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၁၇-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉နာရီတွင် မန္တလေးတက္ကသိုလ်မွေရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေထည့်ဝင်လိုသော ကျောင်းသူ ကျောင်းသားဟောင်းများသည် နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးရှိ သချာၤဌာနများနှင့် အောက်ဖော်ပြပါ ကျောင်းသူ ကျောင်းသားဟောင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ဦးစောအောင်(စံပြ) | ဖုန်း-၀၉-၂၀၂၉၇၆၅ | ဦးမောင်မောင်ကြီး | ဖုန်း-၀၉-၅၁၁၁၂၁၁ |
| ဒေါက်တာညွန့်ဆွေ | ဖုန်း-၀၉-၄၃၀၁၃၀၉၁ | ဦးညိုဝင်း(မန်းရတနာ) | ဖုန်း-၀၉-၂၀၃၀၅၅၀ |
| ဦးမျိုးမင်း(K.E.C) | ဖုန်း-၀၉-၄၉၂၃၁၂၂၆ | ဦးမင်းဦး(ဖိုး၀) | ဖုန်း-၀၉-၂၀၂၂၇၇၂ |
| ဒေါက်တာသက်ခိုင် | ဖုန်း-၀၉-၄၃၁၃၈၀၁၀ | ဒေါက်တာအောင်အောင်မင်း | ဖုန်း-၀၉-၄၃၁၀၂၀၆၀ |
| ဒေါက်တာဥမ္မာ | ဖုန်း-၀၉-၄၀၂၆၉၆၅၅၈ | ဦးမြင့်နိုင် | ဖုန်း-၀၉-၂၀၁၆၆၀၉ |
| ဦးစိုင်းမြင့်သောင်း(ရန်ကုန်) | ဖုန်း-၀၉-၅၂၈၁၅၇၈ | ဦးမျိုးကျော်ဝင်း(နယူးချယ်ရီ) | ဖုန်း-၀၉-၂၀၀၁၀၁၆ |
| ဦးလှသန်း | ဖုန်း-၀၂-၇၂၁၉၂ | ဦးသန်းထွန်းဆွေ | ဖုန်း-၀၉-၄၀၂၅၇၃၃၂၆ |
| ဦးဝင်းမြင့်(ဒင်္ဂါး) | ဖုန်း-၀၂-၆၄၄၁၇ | ဦးအောင်ကျော်ဦး | ဖုန်း-၀၉-၂၀၀၇၄၄၉ |
| ဒေါ်ရွှေရွှေယဉ်(စိန်နှင့်မြ) | ဖုန်း-၀၉-၂၀၀၁၁၁၈ | ဦးစိန်မင်း | ဖုန်း-၀၉-၇၁၀၁၁၃၉၄ |
| ဒေါ်သီတာကို | ဖုန်း-၀၂-၆၅၃၄၂ | ဒေါ်ချိုချို | ဖုန်း-၀၂-၃၀၁၉၁ |
| ဦးသိန်းဝင်း(နွားထိုးကြီး) | ဖုန်း-၀၆၆-၈၀၁၅၁ | ဦးအေးနိုင် | ဖုန်း-၀၉-၂၂၀၀၇၆၃ |
| ဦးသိန်းထွန်း | ဖုန်း-၀၉-၂၀၀၃၆၁၆ | ဦးစိုးလှ | ဖုန်း-၀၉-၄၃၀၁၀၈၃၅ |

### မန္တလေးမြို့ ကျောက်တော်ကြီးကုသိုလ်တော်၊ စန္ဒာမုနိဘုရား(၃)ဆူ ဗုဒ္ဓပူဇနိယပွဲတော်
### ဆိုင်ခန်းများရောင်းချမည်

၁။ လူဟောင်းများကို ၅-၉-၂၀၁၄ရက်မှ ၁၁-၉-၂၀၁၄ရက်အထိ ငွေကြေးစနစ်ဖြင့် ဦးစားပေးရောင်းချပေးမည်။

၂။ သတ်မှတ်ရက်ကျော်လွန်ပါက ဦးရာလူ၊ ငွေကြေးစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်။

**မှတ်ချက်။** လူဟောင်းများ ပြေစာဟောင်းနှင့် မှတ်ပုံတင်ယူဆောင်လာရန်။

**ဈေးဆိုင်ခန်းရောင်းချမည့်နေရာ။** စန္ဒာမုနိဘုရားဝင်းအတွင်း၊ ပွဲတော်ဈေးကော်မတီ၊

**ဦးမြင့်ထွေး-ဒေါ်ခင်မြင့်ဦး၊ မြို့ပြရွှေပြည်ကုမ္ပဏီ၊**
**ဖုန်း-၀၉-၆၄၀၅၂၂၆၊ ၀၉-၆၄၀၅၂၇၇**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဆင်လမ်း၊ အထက၊ နဝမတန်းမှ မအိန္ဒြေဦးနှင့် စတုတ္ထတန်းမှ မအိန္ဒြေဆန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမန်ဂါလ်ရာချ် ၉/မမန(နိုင်)၀၀၃၉၃၆ ဖြစ်ပါသည်။

**ဦးမန်ဂါလ်ရာချ်**

### အသိပေးကြေညာခြင်း

ဦးစိုးဝင်း ၁၂/ကခက(နိုင်)၀၉၂၅၂၉အမည်ဖြင့် သွင်းကုန်လိုင်စင်အမှတ် ISO IDV 8 12-13 2881 28/06/12 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ဆက်သွယ်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၀၁၀၇၆၉၊ ၀၉-၄၀၂၅၈၉၈၃၅**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၈၆၇၊ ဦးပိုင်အမှတ် ၁၂၉၊ ရန်-မန်း ရထားလမ်းအရှေ့ဘက် စံပြလမ်းကြားရှိ ဦးနေအောင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးနေအောင် ၉/ခမစ(နိုင်)၀၁၀၂၇၄မှ မီးလောင်မြေ ပြန်လည်နေရာချထားမိန့်၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၇၁၁၁၇ Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာခိုင် ၁၀/မလမ(နိုင်)၁၃၉၇၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၄၃၃၅၊ DAYANG,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၉/ခမစ(နိုင်)၀၀၅၈၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မြေနီကုန်းခုံးကျော်တံတား ၂၀၁၅ မတ်လအတွင်း အပြီးတည်ဆောက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၈**

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

မြေနီကုန်းခုံးကျော်တံတားတည်ဆောက်ရန်ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်က ကျင်းပခဲ့သည်။

ပန္နက်တင်မင်္ဂလာအခမ်းအနားမစတင်မီ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာဦးသက်လင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေအမှူးပြုသောဝန်ကြီးများ၊ တာဝန်ရှိသူများအား တံတားတည်ဆောက်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ၂၀၁၅ ခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဟုသိရသည်။

အခမ်းအနားကို နံနက် ၇ နာရီ ၂၃ မိနစ်တွင် ပြည်လမ်းပေါ်ရှိ ဇုန် ၂ အတွင်း ဗားကရာလမ်းနှင့်ပြည်လမ်းဆုံမီးပွိုင့်အနီးတွင်ကျင်းပခဲ့သည်။

မင်္ဂလာအချိန်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးစိန်တင်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဦးစိုးမင်း၊ ဦးကျော်နိုင်၊ ဦးအောင်ခင်၊ မြို့တော်ဝန်ဦးလှမြင့်၊ စီမံကိန်း ဒါရိုက်တာဦးသက်လင်းတို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။ **(ယာပုံ)**

မြေနီကုန်းခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် (Capital Development Ltd) က တာဝန်ယူ တည်ဆောက် သွားမည်ဖြစ်သည်။ တည်ဆောက်မည့်မြေစမ်းသပ်မှုကို ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

တံတားကို ပြည်လမ်းတစ်လျှောက်ရှိ ဒဂုံစင်တာရှေ့မှ ဗားကရာ လမ်းဆုံအထိကို ဇုန်(၁)၊ ဗားကရာလမ်းဆုံမှ ရှင်စောပုလမ်းဆုံအထိကို ဇုန်(၂)၊ ရှင်စောပုလမ်းဆုံမှ ပြည်သူ့ဥယျာဉ်ရှေ့(လွှတ်တော်ဝင်းရှေ့)ကို ဇုန်(၃)အဖြစ် ပိုင်းခြားတည်ဆောက် သွားမည်ဖြစ်သည်။

တည်ဆောက်မည့် တံတားပုံစံထုတ်လုပ်ခြင်းကို JFE Enginerring Corporation က ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်သည်။ အောက်ဖောင်ဒေးရှင်း အမျိုးအစားမှာ သံကူကွန်ကရစ် လွန်တူး ဘိုးပိုင်(1.2 mØ) ဖြစ်သည်။

တံတားတွင် အခန်း ၁၁ ခန်းပါဝင်မည်ဖြစ်ပြီး အရှည် ပေအားဖြင့် ၂၃၁၀ ဒသမ ၅ပေ ရှိမည်ဖြစ်သည်။ တံတားအကျယ်အားဖြင့် ၄၈ ပေကျယ်ဝန်းပြီး ယာဉ်လေးစီးတစ်ပြိုင်နက်တည်းသွားလာနိုင်မည်ဟု ဆိုသည်။



တံတားကင်းလွတ်အမြင့်မှာ ၁၃ ဒသမ ၂ ပေရှိမည်ဖြစ်ပြီး ယာဉ်သွားလာမှုခံနိုင်ရည်ဝန်အားဖြင့် ၇၅ တန်ခံနိုင်ရန်တည်ဆောက်သွားမည်ဟုသိရသည်။

တံတားတည်ဆောက်ရန် ပြည်လမ်းအလယ်၌ အကာအရံများ ပြုလုပ်ထားပြီး ယာဉ်များကို အကာအရံ၏ ဘေးတစ်ဖက်တစ်ချက်မှ ဖြတ်သန်းသွားလာခွင့်ပြုထားလျက်ရှိရာ ပန္နက်တင်သည့် နံနက်ပိုင်း၌ ယာဉ်များသွားလာမှု အခက်အခဲမရှိကြောင်း တွေ့ရသည်။

# ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာခြောက်ခု တည်ဆောက်ရန် မြေနေရာရှင်းလင်းဆောင်ရွက်



**မိတ္ထီလာ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မိတ္ထီလာမြို့နယ် ပြည်သာယာမြောက်ပိုင်းရပ်ကွက် (၁) လမ်းအနီးတွင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာခြောက်ခု၏ အဆောက်အအုံများ တည်ဆောက်ရန်အတွက် မြေနေရာ ရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၆ ရက် ညနေ ၅ နာရီက စတင်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထံမှ သိရသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာခြောက်ခုရဲ့ အဆောက်အအုံတွေ တည်ဆောက်နိုင်ဖို့ မြေနေရာ ရှင်းလင်းခြင်းကို စတင်ဆောင်ရွက်တာပါ။ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ခရိုင်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ဌာနအဆောက်အအုံသစ်တွေ တည်ဆောက်ဖို့ ကနဦးမြေနေရာ ရှင်းလင်းခြင်းကို ဆောင်ရွက်တာပါ" ဟု ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းက ပြောသည်။

ဌာနဆိုင်ရာခြောက်ခုအဆောက်အအုံသစ်များ တည်ဆောက်ရန် မြေနေရာရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်ကျော်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်သက်ဆိုင်သည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါ ဌာနဆိုင်ရာခြောက်ခုမှာ ခရိုင်လဝကရုံး၊ ခရိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး နှစ်ခုသည် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနနှစ်ခုသည် ကန်တော်မင်္ဂလာခန်းမတွင်လည်းကောင်း၊ ခရိုင်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနသည် အခြားနေရာတစ်ခုတွင်လည်းကောင်း ဌာနပိုင်ရုံးအဆောက်အအုံမရှိဘဲ တွဲဖက်ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ဆင်သေချောင်းရေတိုက်စားမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဆင်သေချောင်းရေ ပြင်းထန်စွာ စီးဆင်းလာကာ ချောင်းကမ်းပါးမြေပြိုမှု ဆက်တိုက်ဖြစ်ပေါ်၍ အန္တရာယ်ရှိနေမှုကြောင့် လူနေအိမ်ကိုးလုံးကို အချိန်မီ ဖယ်ရှားနိုင်ခဲ့သည်။ ယနေ့အထိ ဇီးကုန်းကျေးရွာအုပ်စု ကုလားရွာကျေးရွာအနီးတွင် ပေ ၁၀၀ ခန့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည် တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်သည် ကုလားရွာကျေးရွာ ဆင်သေချောင်း ရေတိုက်စားမှုကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းကသွားရောက်၍ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ နေပြည်တော်ကောင်စီဝင်က ဆင်သေချောင်းရေသည် နှစ်စဉ်မိုးတွင်း ကာလ၌ ယင်းချောင်းရေများပြီး ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ရေရှည်ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ချောင်းကမ်းပါးဘေးရှိ နေအိမ် များကို အချိန်မီအန္တရာယ်မဖြစ်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံများ ထုတ်ပေး

**မြောက်ဦး စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)များထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၅ ရက်က မြောက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး လယ်ယာမြေစီမံခန့်ခွဲမှုအတွင်းရေးမှူး မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)များကို ကျေးရွာအုပ်စုများမှ တောင်သူ များသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၉၀**

လျောင်ကူ့နိမ်(ခ)အနိုင် **နှင့်** ၁။ ဒေါ်ချိုချိုသက်
[၄င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်ချိုချိုဝင်း
ဒေါ်စန္ဒာ(ခ)ဒေါ်ရှာလာ]
**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ ပုလဲလမ်း၊ နယ်မြေ(၅)၊ အမှတ်(ရ/၃၇၀)နေ ဒေါ်ချိုချိုသက်နှင့် ဒေါ်ချိုချိုဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကစုကြေးငွေကျပ် ၁၈၀၁၆၀၂၇၀/(ကျပ်သိန်းတစ်ထောင့်ရှစ်ရာတစ်သိန်းခြောက်သောင်းနှစ်ရာခုနစ်ဆယ်ကျပ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၆ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းကြွေ**
**ခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်း-၂၀(၁)**
**ဘားအံခရိုင်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈**

ဒေါ်ခင်သန်း **နှင့်** ၁။ ဦးကျော်ကျော်
၂။ ဒေါ်ရွှေစင်
(အတူနေလင်မယား)
**တရားလို** **တရားပြိုင်များ**

ဘားအံမြို့နယ်၊ ဓာသပြင်တိုက်နယ်၊ ခလရ(၈၁)နေ (၁) ဦးကျော်ကျော်နှင့် (၂) ဒေါ်ရွှေစင် (ယခုနေရပ်လိပ်စာမသိ) (အတူနေလင်မယား)တို့ သိစေရမည်။

သင်တို့အပေါ် တရားလိုဒေါ်ခင်သန်းက တရားလိုလက်ဝယ်ရှိ မြေကွက်များအား ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၇ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီရိတင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၉၃**

ဦးခင်မောင်ညို **နှင့်** ဒေါ်ခင်တိုး
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ထုံးဖိုရပ်၊ အမှတ် ၅၈၊ ပြည်ထောင်စုလမ်းနေ ဒေါ်ခင်တိုး (ယခုနေရပ်မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေအရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်အရ ကျန်ငွေကိုလက်ခံပြီး အိမ်ခြံမြေအား လက်ရောက်ပေးအပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်အုန်းတင့်**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃) တက္ကသိုလ်ဝင်တန်း(E)တွင် ပညာသင်ကြားနေသော မစုစုလွင်အား မစုနန္ဒာနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဖခင်အမည်မှန်**
မြိတ်မြို့၊ အထက(၁)၊ ပဉ္စမတန်း(C)မှ မသံစဉ်ဖြူနှင့် မြင့်မိုရ်ပုဂ္ဂလိကကျောင်း တတိယတန်းမှ မောင်ဖွဲထက်မြတ်တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးညီညီ ဖြစ်ပါကြောင်း။ **ဦးညီညီ ၆/မမန(နိုင်)၁၉၇၁၉၂**

# မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး သတင်းဖလှယ်

**တာချီလိတ် စက်တင်ဘာ ၈**

ရန်ကုန်မြို့ အခြေစိုက် ဩစတြေးလျရဲတပ်ဖွဲ့ (Australian Federal Police-AFP) မှ အကြီးတန်းဆက်ဆံရေးအရာရှိ Mr.David Dalton နှင့် ဆက်ဆံရေးအရာရှိ ဦးအောင်မင်းသိန်းတို့သည် နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဒုတိယရဲမှူးကြီး ဝင်းထွန်း ဦးဆောင်သည့် အရာရှိရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တာချီလိတ်ခရိုင်အတွင်း ရဲလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီ ၁၀ မိနစ်က ဩစတြေးလျရဲတပ်ဖွဲ့ (Australian Federal Police- AFP)မှ အကြီးတန်းဆက်ဆံရေးအရာရှိ Mr. David Dalton နှင့်ဆက်ဆံရေးအရာရှိ ဦးအောင်မင်းသိန်းတို့သည် နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်၊ ရဲဗလအစည်းအဝေး

## တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေ

ခန်းမ၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်း၊ မူးယစ်တပ်ဖွဲ့စု ဒုတိယရဲမှူးသန်းရွှေ ဦးဆောင်သည့် ရဲအရာရှိများနှင့် နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို သတင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ်၊ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်တပ်ဖွဲ့စု ဒုတိယရဲမှူး သန်းရွှေမှ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ဆွေးနွေးပွဲအပြီးတွင် ဒုရဲမှူးကြီး ဝင်းထွန်းက Mr.David Dalton နှင့် ဦးအောင်မင်းသိန်းတို့ကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

ယင်းနောက် အဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) အုပ်စု၊ ဝမ်ပုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ရောက်ရှိလေ့လာခဲ့ပြီး ၎င်းဆိပ်ကမ်းတွင် အခြေပြုသည့် ရေကြောင်းတပ်ဖွဲ့စု(ဝမ်ပုံ)မှ ရဲမာန်ဟိန်း (၁၇၁) သင်္ဘောကို တက်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ ရေကြောင်းရဲတပ်ဖွဲ့စု (ဝမ်ပုံ) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးကြီး အောင်ဇော်မြင့်က မဲခေါင်မြစ်ကြောင်းအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ရေကြောင်းကင်းလှည့်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

---



## နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးဆောင်ရွက်

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် လဝကဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထင်လင်းအောင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၃၁ ရက်က ကျောက်ဆိပ်ကျေးရွာသို့သွားရောက်ပြီး နိုင်ငံသားဖြစ်မှုဆိုင်ရာများကို အကျဉ်းချုပ်ရှင်းလင်းပြောပြကာ အသက် ၁၈ နှစ်ပြည့်ပြီးသူ ကျေးရွာသား ၁၂၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအရောက် နေ့ချင်းပေါက်ဆောင်ရွက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် လဝကဝန်ထမ်းများကို ဦးမောင်ဝေနှင့် ရွာသားများက ကျေးဇူးတင်ပါကြောင်း ပြောကြားကြသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်မှု ကုန်ကျစရိတ်ငွေများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမောင်တင်မိသားစုက လှူဒါန်းပေးခဲ့ပြီး မိုးပွင့်အဆင့် (၆) အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၄၅ ခုကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူး၏ ပြောပြချက်များအရ သိရသည်။

**သူ(ပုဏ္ဏားမြီ)**

---

## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြင်းလုံးပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၈**

၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ခြင်းလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၆)မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဗိုလ်လုပွဲအဖြစ် အင်းစိန်မြို့နယ်အသင်းနှင့် သာကေတမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်းစိန်မြို့နယ်အသင်းက ၈၆၈ မှတ်ဖြင့် ပထမ၊ သာကေတမြို့နယ်အသင်းက ၈၆၁ မှတ်ဖြင့် ဒုတိယရရှိခဲ့ပြီး၊ မြောက်ဥက္ကလာပမြို့နယ်အသင်းက တတိယရရှိခဲ့သည်။ ထို့နောက်ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့်စီမံကိန်းဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ရှိန်**

---

## အာဟာရတိုက်ကျွေး

**ရမ်းဗြဲ စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ဆည်ခုံအုပ်စု ရပဒင်ကျေးရွာ မူလတန်းလွန်ကျောင်း၏ ကျောင်းသားကျောင်းသူများအား အာဟာရမုန့်ဟင်းခါး၊ မုန့်တီကျွေးမွေးခြင်းကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ရပဒင်ရွာ မူလတန်းလွန်ကျောင်း၌ပြုလုပ်၍ ရပ်ရွာထဲမှ ရပ်မိရပ်ဖများလည်းရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက ကျောင်းသားကျောင်းသူများအား အာဟာရမုန့်တိုက်ကျွေးရခြင်းနှင့်ဆက်စပ်၍ ဝမ်းသာပီတိများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

---

# စတုတ္ထအကြိမ်မြောက် နွားနို့တိုက်ကျွေး

**ဖျာပုံ စက်တင်ဘာ ၈**

ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၁၁)ရပ်ကွက် စာတိုက်-၄ လမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းတွင် တက်ရောက်လျက်ရှိသည့် ကလေးငယ်များအား စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက စတုတ္ထအကြိမ်မြောက် နွားနို့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မူလတန်းကြို ကျောင်းသား ကျောင်းသူ ၁၀၀ ကို လက်ခံပြုစုပျိုးထောင်ပေးလျက်ရှိသည့် အဆိုပါမူလတန်းကြိုကျောင်းတွင် ကလေးငယ်များဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရေးအတွက် တစ်ပတ်လျှင် နှစ်ကြိမ်နွားနို့တိုက်ကျွေးလျက်ရှိပြီး ကလေးငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကစားနည်း၊ တေးဂီတ၊ ပန်းချီ၊ လက်မှုနှင့် ပုံပြင် စသည့်နည်းလမ်းများကို အသုံးပြုလျက် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းကို ၂၀၁၄ ခုနှစ် ဇွန် ၁ရက်မှစ၍ "မူကြိုအရွယ်ကလေးငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်၊ ပေါင်းသင်းဆက်ဆံရေး၊ ရသခံစားမှုစသည့် အခြေခံကောင်းများ အသက်အရွယ်အလိုက် မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊ ကိုယ်ကာယကျန်းမာဖွံ့ဖြိုးခြင်းနှင့် စိတ်၏ချမ်းမြေ့ပျော်ရွှင်ခြင်းတို့ ပြည့်စုံစေရန်၊ မိမိ၏ အနီးစပ်ဆုံးပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးခြင်းမှတစ်ဆင့် မိမိနိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများအား မြတ်နိုးသော အခြေခံစိတ်ဓာတ်ကောင်းများ ရရှိစေရန်နှင့် မူလတန်းကျောင်းများသို့ မဝင်ရောက်မီ အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးများကို ကြိုတင်ပြုစုပျိုးထောင်ပေးရန်" စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့သည့် ဖျာပုံမြို့ပေါ်ရှိ မူလတန်းကြိုကျောင်းတစ်ကျောင်းဖြစ်ပြီး ဆရာမရှစ်ဦးဖြင့် စနစ်တကျပြုစုပျိုးထောင်ပေးလျက်ရှိကြောင်းနှင့် ဆက်သွယ်လိုပါက ကျောင်းအုပ်ကြီး ဒေါ်အေးအိအိအောင် ဖုန်း ၀၉-၄၂၀၃၀၃၉၁ သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



---


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ အောက်ဖော်ပြပါ တံတားများတည်ဆောက်ရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တံတားအမည် | ပစ္စည်းလိုအပ်ချက်စာရင်း | | | |
|---|---|---|---|---|---|
| | | ချောင်းကျောက်စရစ်(ကျင်း) | ချောင်းသဲ (ကျင်း) | အခြားသား၊ ခွဲသား အင်/ကညင်(တန်) | သစ်မာ (တန်) |
| ၁ | မြစ်သားမြစ်ကူးတံတား၊ အမှတ်(၁)မင်းရွာ | ၈၇ | - | ၃၀ | ၃၀ |
| ၂ | ပေါ်လည်ချောင်းတံတား | - | - | - | ၅ |
| ၃ | မကျီးအိမ်ချောက်ချောင်းတံတား (ခေါက္ကူရွာ) | ၅၅ | - | ၁၃ | - |
| ၄ | မြစ်သားမြစ်ကူးတံတား၊ အမှတ်(၂)ပျားရွာ | ၁၇၀ | ၁၀၀ | ၄၀ | ၃၈ |
| ၅ | ကွင်းဖဲချောင်းတံတား (ရွာစည်) | - | - | ၁၁ | ၆ |
| ၆ | ကျောက်ဆင်ချောင်းတံတား | ၇၅ | - | ၁၈ | - |

**တင်ဒါလျှောက်လွှာပိတ်ရက်၊ အချိန်** - ၂၀-၉-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်၊ အချိန်** - ၂၁-၉-၂၀၁၄ရက်၊ ၀၉း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နှင့် ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တို့၌ ၉-၉-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**အထူးစီမံကိန်းကြီးအဖွဲ့(၃)**
**ဖုန်း-၀၉-၈၃၀၄၅၉၃**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ငဖဲ-စေတုတ္တရာ-ဆော-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ ကြို့ချောင်းတံတားနှင့် အိုင့်ချစ်တံတားများတည်ဆောက်ရန် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | ပေးသွင်းရမည့်နေရာ | |
|---|---|---|---|
| | | ကြို့ချောင်းတံတား | အိုင့်ချစ်တံတား |
| (က) | ချောင်းကျောက်စရစ် | ၆၀ကျင်း | ၄၀ ကျင်း |
| (ခ) | အခြားသား၊ ခွဲသား အင်/ကညင် | ၂၀တန် | ၁၃ တန် |

**တင်ဒါလျှောက်လွှာပိတ်ရက်၊အချိန်** - ၂၀-၉-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်၊အချိန်** - ၂၁-၉-၂၀၁၄ ရက်၊ ၉း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နှင့် ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တို့၌ ၉-၉-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ ဖုန်း-၀၉-၈၃၀၄၅၉၃**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁စ/၄၄၈၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် CC/5474 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (တိုင်းဒေသကြီးဦးစီးမှူးရုံး)၊ ပဲခူး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဆွေးနွေး

**မြောင်းမြ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ရတနာမြေ လူမှုဖွံ့ဖြိုးရေး အသင်းမှကြီးမှူး၍ ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြောင်းမြမြို့ မြရွှေဝါခန်းမ၌ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲအတွင်း ဘာသာတရားနှင့်စပ်လျဉ်းသည့် တစ်ဦးနှင့် တစ်ဦး ထားရှိသောသံသယများ၊ အမြင်မကြည်လင်မှုများကို လျှော့ချပပျောက် စေရန်၊ ဘာသာကွဲများအကြားရင်းနှီးခင်မင်စွာ အတူယှဉ်တွဲနေထိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးလေးပါး၊ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်လေးဦး၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်လေးဦး၊ အစ္စလာမ် ဘာသာရေးခေါင်းဆောင်လေးဦးတို့က ဘာသာရေးခေါင်းဆောင်များအဖြစ် တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့နှင့် ရပ်မိရပ်ဖ များ တက်ရောက်ခဲ့ကြကာ ဘာသာဝင်များအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး၊ ဘာသာပေါင်းစုံချစ်ကြည်ရေး၊ အကြမ်းဖက် ဆူပူမှုများမဖြစ်ပွား စေရေးအတွက် မြို့နေပြည်သူအားလုံးစုပေါင်း၍ ကြိုတင်ကာကွယ်တားဆီးရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျိုက်ဝိုင်းလူငယ်လေ့ကျင့်ရေးကျောင်းသားများအား စိတ်ဓာတ်မြှင့်တင်ရေးပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းလူငယ်လေ့ကျင့်ရေးကျောင်း ရှိ ကျောင်းသားလူငယ်များအတွက်



စိတ်ဓာတ်ခွန်အား အသိပညာများ ပေးဝေခြင်းနှင့် သင်ထောက်ကူ ပစ္စည်းများ လှူဒါန်းခြင်းကို စက်တင်ဘာ ၅ ရက်က အဆိုပါကျောင်း အတွင်း၌ ကျင်းပခဲ့သည်။

အဆိုတော်၊ တေးရေးဆရာနှင့် ဂီတပညာရှင်တစ်ဦးဖြစ်သည့် ခိုင်မြဲ သာက လူငယ်များအတွက် ဘဝ ဖြတ်သန်းမှု အတွေ့အကြုံများကို အခြေခံကာ စိတ်ဓာတ်မြှင့်တင်ရေး ဆွေးနွေးမှုများကို ပြုလုပ်ပေးခဲ့ပြီး ကျောင်းသားများ စာသင်ကြားမှု အတွက် ထိုင်ခုံအလုံး ၁၀၀ နှင့် အခြား စာသင်ခန်းသုံးပစ္စည်းများကို လှူဒါန်းပေးခဲ့ပြီး ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရသစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုများကို အီလက်ထရွန်နစ်ကုမ္ပဏီ ဆမ်ဆောင်း (မြန်မာ)မှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် ယခုနှစ် အတွင်း ပဉ္စမအကြိမ်မြောက် လှူဒါန်းပေးခြင်းဖြစ်ကာ မန္တလေး မြို့အတွင်းရှိ ပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်း များ၊ လူငယ်စင်တာများ၊ သီလရှင် စာသင်ကျောင်းများ သို့လည်း ဆက်လက်လှူဒါန်းသွားရန်ရှိကြောင်း သိရသည်။

**မေဦးမိုး**

# နှစ်လဲယာဉ်စစ်ဆေးခြင်းများ ပုဂ္ဂလိကလုပ်ကိုင်ပါက စရိတ်ပိုများမည်ကို ကားပိုင်ရှင်များ စိုးရိမ်

**ရန်ကုန် စက်တင်ဘာ ၈**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာနမှ မော်တော်ယာဉ်များ အား နှစ်လဲယာဉ်စစ်ဆေးခြင်းလုပ်ငန်း များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေး မည်ဟုဆိုခြင်းကြောင့် မော်တော် ယာဉ်ပိုင်ရှင်များ စိုးရိမ်မှုများ ဖြစ် ပေါ်နေကြသည်ကို တွေ့ရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြား မှုဦးစီးဌာနသည် မော်တော်ယာဉ် များ ကနဦး မှတ်ပုံတင်ခြင်းကို ပြုလုပ်ပေးလျက်ရှိပြီး နှစ်လဲယာဉ် စစ်ဆေးခြင်းလုပ်ငန်းများကို သက် ဆိုင်ရာ မြို့နယ်ကညနရုံးများ၌ လုပ်ဆောင်ပေးခဲ့သည်။

လက်ရှိတွင် ကညနမှ နှစ်လဲယာဉ် စစ်ဆေးခြင်းလုပ်ငန်းများကို ပုဂ္ဂလိ ကသို့ လုပ်ကိုင်ခွင့်ပြုရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက် လွှာများကို ခေါ်ယူလျက်ရှိပြီး အောက်တိုဘာ ၉ ရက်အထိ လျှောက် လွှာများ တင်သွင်းနိုင်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

"ကညနက လုပ်ပေးတာတောင် ဝန်ဆောင်ခတွေရှိပါတယ်။ တကယ် လို့များ ပုဂ္ဂလိကကိုသာ လွှဲအပ်ပေး လိုက်ရင် စရိတ်စက မြင့်တက်လာ နိုင်မှာကို ယာဉ်ပိုင်ရှင်တွေ စိုးရိမ် နေကြတာပါ"ဟု အငှားယာဉ်ပိုင်ရှင် တစ်ဦးက ပြောသည်။

နှစ်လဲယာဉ်စစ်ဆေးခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် စိတ်ဝင်စားမှု ရှိသည့် လုပ်ငန်းရှင်များကို ခေါ်ယူ ရာတွင် အဆိုပါ ကုမ္ပဏီများသည် သက်တမ်းရှိသေးသည့် ကုမ္ပဏီမှတ်ပုံ တင်လက်မှတ်၊ ဆောင်ရွက်လိုသည့် လုပ်ငန်းပုံစံနှင့် စည်းမျဉ်းများ၊ ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းအတွေ့အကြုံနှင့် ကုမ္ပဏီ ဖွဲ့စည်းပုံများ၊ ပါဝင်မည့် ပညာရှင် များအား တိကျစွာဖော်ပြ၍ အောက် တိုဘာ ၉ ရက်နောက်ဆုံးထားကာ လျှောက်ထားနိုင်ကြောင်း သိရသည်။

ယခုလက်ရှိတွင် ကညနမြို့နယ် ရုံးများ၌ နှစ်လဲယာဉ်စစ်ဆေးခြင်း လုပ်ငန်းများကို လုပ်ကိုင်ပေးလျက် ရှိပြီး ဝန်ဆောင်ခအနေဖြင့် ငွေကျပ် ၅၀၀၀ ခန့် အနည်းဆုံးကုန်ကျ ကြောင်း သိရသည်။

နှစ်လဲယာဉ်စစ်ဆေးခြင်းများကို ၂၀၁၃ ခုနှစ်နောက်ပိုင်း မော်တော် ယာဉ် အသစ်များတွင် သုံးနှစ် သက်တမ်းပေးပြီး နှစ်ဟောင်းမှ ယာဉ်အဟောင်းများကို တစ်နှစ် သက်တမ်းသာ ပေးအပ်ကြောင်း သိရသည်။

**သွန်းဝသန်**

## သတင်းတိုများ

### အမရပူရမြို့ သိမ်ကြီးဈေးကထိန်အတွက်ပြင်ဆင်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သိမ်ကြီးဈေးအတွင်း (၁၇) ကြိမ် မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း ပွဲကို စက်တင်ဘာ ၇ ရက်က အဆိုပါ ဈေးကြီးအတွင်း၌ ကျင်းပခဲ့သည်။ ဈေး တာဝန်ခံ အကျိုးဆောင်များ၊ ဈေးအပြင်တန်းနှင့် အတွင်းတန်းတို့မှ အကျိုး တော်ဆောင် ခေါင်းဆောင်များ စုပေါင်းကာ လှူဒါန်းမည့် ကျောင်းတိုက် များကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### တပ်ကုန်းစာကြည့်တိုက် စာဖတ်သူဆုများပေးအပ်

စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်သောအားဖြင့် နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်အများဆုံးဆုနှင့် စာအုပ်အငှားဆုံးဆုများကို ချီးမြှင့်ပေးလျက်ရှိရာ ဩဂုတ်လအတွင်း ဆရာစံ ရပ်ကွက်မှ အဌမတန်းကျောင်းသူ မယမုံလွင်အား စာအုပ်အများဆုံးငှားသူ အဖြစ်လည်းကောင်း၊ အနော်ရထာရပ်ကွက်မှ ဦးရွှေရည်က စာအများဆုံး ဖတ်သူအဖြစ်လည်းကောင်း ဆုရရှိခဲ့ပြီး စက်တင်ဘာ ၅ ရက်က မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ဆုများချီးမြှင့်ပေးခဲ့သည်။ **(၄၁၇)**

### ဆိပ်ဖြူတွင် ဓမ္မစကူးလ်သင်တန်းဖွင့်

ယဉ်ကျေးလိမ္မာပြီး ဘာသာတရားကိုင်းရှိုင်းသည့် ကလေးငယ်များ ဖြစ်လာ စေရန်အတွက် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တမာချောင်ကျေးရွာတွင် ဓမ္မစကူးလ်သင်တန်းကို စက်တင်ဘာ ၆ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ တမာ ချောင်ကျေးရွာ စိတ္တသုခကျောင်းတိုက်ဆရာတော်က သင်ကြားရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောငွေးက ဖွင့်လှစ် ရခြင်းအကြောင်းများ ပြောကြားခဲ့ပြီး ကျေးရွာအတွင်းရှိ ကလေးငယ်များအား သင်ကြားမှုအစီအစဉ်များ စတင်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မြိုင်မြို့နယ်အတွင်း လူကုန်ကူးမှုတားဆီးရေးအသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ကျောင်းသား ကျောင်းသူများ အား လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောခြင်းကို စက်တင် ဘာ ၅ ရက်က မြိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မ အထက(ခွဲ)ကျောင်းများ၌ ကျင်းပသည်။ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းမြင့်၊ မြို့ နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်အောင်ဆန်းလင်းတို့က လူကုန်ကူးမှုနှင့် မူးယစ်အန္တရာယ်များကို အသိပညာပေးဟောပြောကြပြီး သင်တန်းသို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **စိန်မြိုင်(မြိုင်)**

### ရွှေကူကျေးရွာ ရေဘေးသင့်သူများအား ရိက္ခာများလှူဒါန်း

ရွှေဘိုမြို့နယ် ရွှေကူကျေးရွာအတွင်း စိုက်ပျိုးပြီး လယ်ဧက ၃၀၀၀ ကျော်တွင် ရေလွှမ်းနစ်မြုပ်ခဲ့ပြီး အိမ်ခြေ ၁၁၁ နှင့် မိသားစုဝင် ၅၀၀ ကျော်တို့အား စက်တင်ဘာ ၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက ဆန်နှင့်ရိက္ခာများ လှူဒါန်းပေးခဲ့ကြပြီး ရွှေမြိုင်ဗိုလ်ကျောင်း တိုက်ဆရာတော် ဦးဝိမလနှင့် စေတနာရှင်များကလည်း ဆန်အိတ်နှင့် ရိက္ခာ ခြောက်များ လှူဒါန်းခဲ့ကြသည်။ **အောင်ဘုန်းညို(ရွှေဘို)**


## ကြေညာချက်

နိုင်ငံတစ်ဝန်းလုံးရှိ စက်သုံးဆီ အရောင်းဆိုင်များမှ ရောင်းချလျက်ရှိသော ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ နေ့စဉ်ရောင်းချမှုပမာဏကို သိရှိနိုင်ရန်အတွက် အီလက်ထရွန်နစ် နည်းပညာသုံး စက်ကိရိယာများ ဝယ်ယူတပ်ဆင်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းလုပ်ငန်းအစီအစဉ်အတွက် အီလက်ထရွန်နစ် နည်းပညာသုံးစက်ကိရိယာ များ ရောင်းချလိုခြင်း(သို့မဟုတ်)ယင်းလုပ်ငန်းအစီအစဉ်အား ပူးပေါင်းဆောင်ရွက် လိုသော စိတ်ပါဝင်စားသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၀၀၄၊ ၀၆၇-၄၃၀၀၂၅၊ ၀၆၇-၄၀၀၀၅၅ သို့ ဆက်သွယ်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန
## ရော်ဘာခြံများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီးရှိ စက်မှုဝန်ကြီးဌာနမှ ကလိန်အောင်ရော်ဘာခြံ (ရေဖြူ မြို့နယ်)၊ ရငဲ-ဝဲရစ်ရော်ဘာခြံ (သရက်ချောင်းမြို့နယ်)၊ ပဝတ်ကုန်းရော်ဘာခြံ (ပုလောမြို့နယ်)တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်နိုင်ရန်အတွက် တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၂-၉-၂၀၁၄ ရက် (ရုံးချိန်) |
| **တင်ဒါပိတ်ရက်** | - ၃-၁၀-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ |
| **တင်ဒါဖွင့်ရက်** | - ၃-၁၀-၂၀၁၄ရက်၊ ၁၂:၃၀ နာရီ |
| **စုံစမ်းရန်** | အမှတ်(၂၇)၊ စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို) ရန်ကုန်-မော်လမြိုင် ကားလမ်း၊ မိုင်တိုင်(၁၁၁) |

**ဖုန်း-၀၉-၈၆၄၀၈၉၉၊ ၀၉-၈၇၀၃၁၉၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ မြိုင်-တောမ-ဂန့်ဂေါလမ်းပေါ်ရှိ မဲချောင်းတံတားနှင့် စစ်နီး ချောင်းတံတားများ တည်ဆောက်ရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | ပေးသွင်းရမည့်နေရာ | |
|---|---|---|---|
| | | မဲချောင်းတံတား | စစ်နီးချောင်းတံတား |
| (က) | ချောင်းကျောက်စရစ် | ၁၀၈ ကျင်း | ၁၆၀ ကျင်း |
| (ခ) | ချောင်းသဲ | ၅၄ ကျင်း | ၈၈ ကျင်း |
| (ဂ) | အခြားသား၊ခွဲသားအင်/ကညင် | ၁၅ တန် | ၂၂ တန် |
| (ဃ) | သစ်မာ | ၈ တန် | ၁၂ တန် |

| | |
|---|---|
| **တင်ဒါလျှောက်လွှာပိတ်ရက်၊ အချိန်** | - ၂၀-၉-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ |
| **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်၊ အချိန်** | - ၂၁-၉-၂၀၁၄ ရက်၊ ၀၉:၀၀ နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူး စီမံကိန်းကြီးအဖွဲ့(၃)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နှင့် ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တို့၌ ၉-၉-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အထူးစီမံကိန်းကြီးအဖွဲ့(၃)**

**ဖုန်း-၀၉-၈၃၀၄၅၉၃**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈/၅၅၄၈ Toyota Alphard MB (4x2) ယာဉ်လက်ဝယ်ရှိသူ Zone Architect Engineering က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၉၄၆၀၃ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး၁၀/မလမ(နိုင်)၁၅၆၁၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၉(B)၊ မြေကွက်အမှတ် ၃၁၊ မြေကွက်တည် နေရာအမှတ် ၃၁၊ အကောက်ခွန် ၁ လမ်း၊ (၃၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) သူရဦးမြင့်ရွှေ MMO-၂၁၈၁၁၈ အမည် ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် သူရဦးမြင့်ရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်ပြုံးရီ ၁၂/သဃက(နိုင်)၀၃၀၀၆၆ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်များ မုံရွာမြို့တွင် ထွန်းကားကျယ်ပြန့်လာ

**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ မြို့ပြလူနေရပ်ကွက် (၂၇) ရပ်ကွက်ရှိသည့်အနက် ရပ်ကွက်အချို့သည် ဥပုသ်နေ့များတွင် ရပ်ကွက်သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်များပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ရပ်ကွက်ထဲက အမှိုက်တွေကို ကုသိုလ်ဖြစ် လိုက်လံသိမ်းဆည်းပေးတာဖြစ်ပါတယ်"ဟု မုံရွာမြို့ ဘုန်းစိုးရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်း ကုသိုလ်တော်အသင်းသား စေတနာ့ဝန်ထမ်းတစ်ဦးက ပြောပြသည်။

အဆိုပါဘုန်းစိုးရပ်ကွက်ရှိ အမှိုက်သိမ်း ကုသိုလ်တော်အသင်းသည် လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က စတင်တည်ထောင်လာခဲ့ရာ ဥပုသ်နေ့များတွင် ရပ်ကွက်အတွင်းရှိ စေတနာ့ဝန်ထမ်းလူငယ်များစုပေါင်း၍ အမှိုက်သိမ်းယာဉ်များ အသုံးပြုကာ ရပ်ကွက်အတွင်းလှည့်လည်၍ ကုသိုလ်ဖြစ် အမှိုက်သိမ်းပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ အမှိုက်သိမ်းစနစ်များသည် ယခုအခါ မုံရွာမြို့ပေါ်ရှိ အခြားသော မြို့ပြလူနေရပ်ကွက်များ၌လည်း ပြုလုပ်လာလျက်ရှိသည့်အတွက် မုံရွာမြို့ကြီးတွင် အမှိုက်သိမ်း ကိုယ့်အားကိုယ်ကိုး စနစ်များ ကျယ်ပြန့်လာခဲ့ခြင်း ဖြစ်သည်။



မုံရွာမြို့ကြီးတွင် သက်ဆိုင်ရာ၏ သုတေသနပြု စစ်တမ်းကောက်ယူချက်များအရ မီးဖိုချောင်သုံးအမှိုက်၊ လုပ်ငန်းသုံးအမှိုက်များနှင့် သဘာဝအမှိုက်များသည် တစ်နေ့လျှင် တန်ချိန် ၈၀ ခန့်အထိရှိကြောင်း သိရသည်။

**ကိုတိုး(မုံရွာ)**

# လယ်ဝေးမြို့ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြော

**လယ်ဝေး စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ် တိုင်းရင်းဆေးကုဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက်နံနက် ၁၀ နာရီက အထက (၁) လယ်ဝေး ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းမြင့် က အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းမှူး ဒေါ်အေးအေးက ရသာခြောက်ပါးနှင့် ဆေးဘက်ဝင်အပင်များအကြောင်း ၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နှင်းသီတာမျိုးက တိုင်းရင်းဆေးအသိပညာများ ဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင် (ဝေကြည်-လယ်ဝေး) က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ခြင်းအကျိုးကျေးဇူးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်တို့ကို အသိပညာပေးဟောပြောကာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများပြသခဲ့သည်။

ထို့အတူ စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ အမက (ဗဟို) မြို့မ မူလွန်၊ အထက (၂)နှင့် အမက (အင်ဘု) ကျောင်းများတွင်လည်း အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရူပဗေဒ)**

# ဦးနှောက်သွေးယိုစီးမှုခံစားနေရသည့် ကလေးငယ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကူညီမှုလိုအပ်

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာန၌ အသက်နှစ်လသာရှိသေးသည့် ကလေးငယ်တစ်ဦး ဆေးကုသမှု ခံယူလျက်ရှိပြီး ဦးနှောက်အတွင်း သွေးယိုစီးမှုဝေဒနာကြောင့် နှလုံးခုန်ရပ်သွားသည်ကို ဌာနဆရာဝန်များ၏ ကြိုးပမ်းကုသမှုဖြင့် အသက်ပြန်ရှင်လာခဲ့သော်လည်း ခွဲစိတ်ကုသရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အသက်နှစ်လသာရှိသေးသည့် သမီးငယ်မေမြတ်နိုးအား ဦးခေါင်းပိုင်းဆိုင်ရာခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာနမှ စက်တင်ဘာ ၁၂ ရက်တွင် ခွဲစိတ်မှုများ ဆောင်ရွက်သွားရန်ရှိပြီး ကလေးငယ်မှာ ငွေကြေးအင်အားနည်းပါးသည့် မိသားစုမှဖြစ်သောကြောင့် စေတနာရှင်များက ငွေကြေးများ လာရောက်လှူဒါန်းပေးမှုများရှိကြောင်း ပန်းပျိုးသူများ စာသင်ဝိုင်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေသည့် ကိုဝမ်းက ပြောသည်။

ကလေးငယ်အတွက် ကျန်းမာရေးဆက်လက်စောင့်ရှောက်ရန် အကူအညီများ လိုအပ်နေပြီး မန္တလေးမြို့ရှိ ပန်းပျိုးသူများစာသင်ဝိုင်းနှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာနသို့ သွားရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခင်လေးမြင့်အောင်**



# လယ်ယာသုံးစက်ကိရိယာများအား ယခုနှစ်ကုန်၌ တောင်သူများအရစ်ကျဝယ်ယူနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၈**

စိုက်ပျိုးရေးလုပ်သားများ ရှားပါးလာခြင်းနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းများကြောင့် စက်မှုလယ်ယာသို့ ကူးပြောင်းလိုသည့် တောင်သူများအတွက် အိန္ဒိယနိုင်ငံထုတ် လယ်ယာသုံးပစ္စည်းများကို အရစ်ကျဝယ်ယူခွင့်ရရှိရန် စီစဉ်နေပြီး မကြာမီဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်သော တောင်သူလယ်သမားများအသင်းနှင့် ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းသုံး ဆေးများရောင်းချသည့် မြန်မာ့သြဘာလုပ်ငန်းတို့မှ ပူးပေါင်းစီစဉ်နေခြင်းဖြစ်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် သင့်လျော်မှုရှိမည့် လယ်ယာသုံးစက်ကိရိယာများကို အိန္ဒိယနိုင်ငံမှ တင်သွင်းနိုင်ရေးအတွက် သွားရောက်လေ့လာမှုများကို သြဂုတ်လအတွင်း ပြုလုပ်ထားပြီး မကြာမီနှစ်ကုန်ပိုင်းတွင် ဝယ်ယူခွင့်ရရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အဆိုပါအသင်း၏ ဥက္ကဋ္ဌ ဦးသိန်းအောင်ထံမှ သိရသည်။

"အိန္ဒိယနိုင်ငံကို သွားရောက်ပြီး လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အရစ်ကျစနစ်နဲ့ ဝယ်ယူခွင့်ရရှိဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ပြည်တွင်းမှာ ရောင်းချနေတဲ့ ကုမ္ပဏီတွေ ရှိတယ်။ နိုင်ငံတော်အစိုးရက ရောင်းချပေးနေတာတွေ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ဈေးသက်သာပြီး အရည်အသွေးကောင်းမွန်မှုရှိတာတွေကို ပိုမိုရှာဖွေတာဖြစ်ပြီး အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်မယ်ဆိုရင် တောင်သူတွေ အကျိုးရှိမှာပါ။ တောင်သူတွေရဲ့ အဓိကပြဿနာက လယ်ယာလုပ်သားရှားပါးတာဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုတွေကြောင့်လည်း အချိန်နဲ့တစ်ပြေးညီ စိုက်ပျိုးထုတ်လုပ်မှုအတွက် စက်မှုလယ်ယာကို ကူးပြောင်းရမှာဖြစ်ပါတယ်" ဟု ဦးသိန်းအောင်က ပြောသည်။

လက်ရှိ ပြည်တွင်းလယ်ယာလုပ်ငန်းများတွင် အသုံးပြုနေသည့် စက်ကိရိယာများ အားလုံးနီးပါးမှာ တရုတ်နိုင်ငံမှ တင်သွင်းထားခြင်းဖြစ်ပြီး ဈေးနှုန်းအားဖြင့် ငွေကျပ်ငါးသိန်းမှ သိန်း ၂၀ အထိဖြစ်ကြောင်း သိရသည်။

**မောင်သဲဦး**



**ဧရာဝတီတိုင်းဒေသကြီးအတွင်း စက်မှုအကူအညီဖြင့် စပါးများခြွေလှေ့နေမှုကို မြင်တွေ့ရစဉ်။** ဓာတ်ပုံ- မေဦးမိုး

## မြေ၊ အဆောက်အအုံ ငှားရမ်းမှုမှ ရရှိသည့်ဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်စေခြင်းနှင့်ပတ်သက်၍ အသိပေးတင်ပြချက်

အောက်ဖော်ပြပါ ဝင်ငွေရရှိသူများသည် ဝင်ငွေရရှိမှု အမျိုးအစားအလိုက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ခံစားနိုင်သကဲ့သို့ အဆိုပါဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် ပေးဆောင်ရန်လည်း လိုအပ်ပါသည်-

- လစာဝင်ငွေ
- လစာဖြင့်မဟုတ်ဘဲ မိမိကျွမ်းကျင်သည့်ပညာရပ်ဖြင့် ရယူလုပ်ကိုင်ပေးသော ဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်နှင့် သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ စသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊
- မြေ၊ အဆောက်အအုံ ငှားရမ်းခြင်းမှ ဝင်ငွေ၊
- စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေ၊
- ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိသော စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ၊
- အခြေပစ္စည်းရောင်းချခြင်းမှမြတ်စွန်းငွေ၊
- ဖော်ပြပါဝင်ငွေအမျိုးအစားများ မဟုတ်သည့် အခြားရလမ်းမှဝင်ငွေ၊

မြေ၊ မြေနှင့် အဆောက်အအုံငှားရမ်းခြင်းမှ ဝင်ငွေအပေါ် ၁၉၂၂ ခုနှစ် မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေအရ ကောက်ခံသကဲ့သို့ အဆိုပါဥပဒေအား ရုပ်သိမ်းပြီးနောက် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေအရလည်း ၁၉၇၄-၁၉၇၅ စည်းကြပ်နှစ်အတွက်မှ စတင်ကောက်ခံခဲ့ခြင်းဖြစ်ပါသည်။

ဝင်ငွေခွန်သည် တိုက်ရိုက်အခွန်အမျိုးအစားဖြစ်သဖြင့် နေအိမ်အဆောက်အအုံငှားရမ်းခြင်းမှရရှိသည့်ဝင်ငွေအတွက် ဝင်ငွေရရှိသူမှ ထမ်းဆောင်ရမည့် အခွန်သာဖြစ်ပါသည်။ သွယ်ဝိုက်ခွန်ကဲ့သို့ ငှားရမ်းယူသူထံမှ ထပ်ဆောင်းကောက်ခံရန် မဟုတ်ပါ။

အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထမ်းဆောင်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် သက်သာသောအခွန်နှုန်းများကို ပြဋ္ဌာန်းပေးထားပြီးလည်းဖြစ်ပါသည်။

မိမိပေးဆောင်ရမည့်အခွန်တာဝန်ကို အပြည့်အဝထမ်းဆောင်ခြင်းဖြင့် အမျိုးသားရေးတာဝန် ကျေပွန်ကြစေလိုပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးလှဝင်း ၁၂/ဗတထ(နိုင်)၀၂၆၀၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အိမ်အမှတ်၇၁ရှိ ၄ ခန်းတွဲ ၆ ထပ်တိုက်မှ တတိယလွှာ၊ အခန်းအမှတ် 2-C၊ အကျယ်အဝန်း စတုရန်းပေ ၁၅၉၀၊ တိုက်ခန်းတစ်ခန်းနှင့် အခန်း၌တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်သီဂီအောင် ၁၃/တကန(နိုင်)၀၆၆၇၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှဝင်းက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုတစ်စုံတစ်ရာနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇေယျာမင်းသိန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၉၃)**
**အမှတ် ၂၉၊ ၁၂၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၂၀၃၂၅၀၊ ၀၉-၅၀၄၇၀၆၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၇**

ဒေါ်ချယ်ရီ **နှင့်** ဦးတင်ဝင်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ အနော်မာ (၂၀)လမ်း၊ အမှတ် (၄၂၆/ခ)နေ ဦးတင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချယ်ရီက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးတင်သိန်း၏သား ဦးသန်းတင့် ၁၂/မရက(နိုင်)၀၀၃၀၆၂နှင့် ဦးမျိုးအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းတင့်(ခ)ဦးမျိုးအောင်**

## အောင်လံဆရာတော် အရှင်စန္ဒိမာ၏ (၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲ ယောဂီအသစ်များအတွက် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ မူလပဓာန နာယက၊ (သောတာပတ္တိမဂ်ရ ဖွယ်ကျမ်းပြု) အောင်လံဆရာတော်အရှင်စန္ဒိမာသည် ယောဂီအသစ်များအတွက် ၁၀ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ (ရန်ကုန်ရိပ်သာကြီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းပွဲ ပထမရက်မတိုင်မီ(တစ်ရက်) ကြိုတင်၍ အိပ်ရာလိပ်၊ ထီး၊ လက်နှိပ်ဓာတ်မီး စသည့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်ပုံတင်စိစစ်ရေးကတ်(မူရင်း)တို့နှင့်အတူ လာရောက်ရန်ဖြစ်ပါသည်။ ၂၀၁၄ခုနှစ် မေလတရားစခန်းတွင် ဝင်ခွင့်မရရှိသော Waiting Lists သမားများအား **၂၆-၉-၂၀၁၄ရက် နံနက် ၇း၀၀နာရီတွင်လည်းကောင်း၊ အခြားယောဂီများအား ၂၆-၉-၂၀၁၄ရက် မွန်းလွဲ ၁း၀၀ နာရီတွင်လည်းကောင်း လူကိုယ်တိုင် မှတ်ပုံတင်(မူရင်း) နှင့်** လာရောက်စာရင်းပေးသွင်းရန်ဖြစ်ပါသည်။ အကယ်၍ မဝင်ရောက်ဖြစ်ပါက ကြိုတင်အကြောင်းကြားရန်နှင့် အမှန်တကယ်ဝင်လိုသောယောဂီများ နစ်နာမှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၃-၁၀-၂၀၁၄ရက်၊ ညနေ ၄း၀၀နာရီအရောက် လာရောက်သတင်းပို့ရန်။
- ၃-၁၀-၂၀၁၄ရက်မှ ၁၄-၁၀-၂၀၁၄ရက် နံနက် ၇း၀၀နာရီအထိ

**(နယ်မှလာရောက်သူများအနေဖြင့် ၂-၁၀-၂၀၁၄ ရက်ထက်မစော၊ ၃-၁၀-၂၀၁၄ ရက်ထက် နောက်မကျစေရ)**

ယောဂီများအနေဖြင့်တရားစခန်းဝင်ခွင့်ရရှိရန်အတွက် ဖုန်း-၀၉-၄၅၀၀၆၅၃၇၆၊ ၀၉- ၅၁၇၇၈၂၅တို့သို့ ဆက်သွယ်စုံစမ်းပါ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများ Email:theinngu32@gmail.com, Website: www.theinngu32.org တို့သို့ ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

**မှတ်ချက်။** ။ ယောဂီအသစ်များသာ လက်ခံပါသည်။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## တရားမပြင်ဆင်မှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ ကြားသိစေသည့် အကြောင်းကြားစာ

### ကရင်ပြည်နယ် တရားလွှတ်တော်၌ ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၁

| | | |
|---|---|---|
| ၁။ ဦးမောင်နု | **နှင့်** | ၁။ ဒေါ်တင်မြင့် |
| ၂။ မိဇေယျာမျိုး | | ကမ်းနားလမ်း၊ အမှတ် (၈)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်။ |
| ကမ်းနားလမ်းအရှေ့ပိုင်း၊ | | ၂။ မင်းထိုက်စံ |
| အမှတ် (၉)ရပ်ကွက်၊ | | ကမ်းနားလမ်းအရှေ့ပိုင်း၊ |
| ထုံးအိုင်စံပြကျေးရွာ၊ | | အမှတ် (၉)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ |
| ဘားအံမြို့နယ်။ | | ဘားအံမြို့နယ်။ |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

၂၀၁၄ခုနှစ် ဇူလိုင် ၁၈ ရက်စွဲပါ ဘားအံခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ် ၂/၂၀၁၃၏ အမိန့်ကိုပြင်ဆင်မှု။

